ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ သောကြာနေ့၊ (23-4-2004) (၄၂၁၂)

ယနေ့ထုတ်စောင်ရေ ၁၉၇၇၈၇

တပေါ စ
တော် မင်္ဂလ မုတ္တမံ။

ဖြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတကာညီလာခံများ အင်္ဂါရပ်နှင့်အညီ ခေတ်မီစနစ်ကျစွာ ကျင်းပနိုင်ရေး ဆောင်ရွက်

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှုကို ဧည့်သည်တော်များ ခံစားမိစေရန် အလေးထားစီမံ

ရန်ကုန် ဧပြီ ၂၂

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူသိမ်တော်ကြီး ပရဝဏ် စိမ်းလန်းစိုပြည်ရေးနှင့် လိုဏ်ဂူတော်သိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၃-၄-၂၀၀၄
(သောကြာနေ့)

တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေး အလေးထား ကျန်းမာရေး အသိပညာပေးမှု ဂရုပြုလိုက်နာ

ယနေ့ကာလသည် နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အချိန်အခါဖြစ်သည်။

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရသည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်းလူတိုင်း ကျန်းမာခြင်း၊ ကြံ့ခိုင်ခြင်း၊ အသက်ရှည်ခြင်းများဖြင့် ပြည့်စုံနေရန် အထူးလိုအပ်သည်။ သို့မှသာ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတည်ဆောက်ရာတွင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားအလိုက် အင်ပြည့်အားပြည့် ပါဝင်စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။

နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကိုဦးတည်ပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အဘက်ဘက်က တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှုပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူကုသ ပညာပေးဖြည့်ဆည်းပေးလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားမီ ကြိုတင်ကာကွယ်ခြင်းသည် အရေးပါထိရောက်သော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူတိုင်း ကျန်းမာခြင်းသုခပြည့်စုံစွာရရှိစေရန် ဖန်တီးဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်းသာမက ပြည်သူလူထုတစ်ရပ်လုံးကပါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ထမ်းများက ပြည်သူများ ရောဂါဘယကင်းဝေးစေရေးအတွက် ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ဖြန့်ဝေပညာပေးခြင်း၊ အချိန်ရာသီအလိုက် ကျန်းမာရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးခြင်းတို့ဖြင့် အသိပညာပေးလျက်ရှိသည်။

ယခုအချိန်သည် နွေရာသီဖြစ်၍ ရာသီဥတုမှာ ပူပြင်းလာလျက်ရှိသည်။ ရာသီဥတုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြီး မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်နိုင်ကြောင်း သိရသည်။

ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ သိရှိလိုက်နာနိုင်ရန် အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်ကို ထုတ်ပြန်ထားသည်။ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့၌ နံနက်၁၀နာရီမှ ညနေ ၅နာရီအတွင်း ရေချိုးခြင်း၊ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းတို့ကို ရှောင်ကြဉ်ကြရန်လိုအပ်သည်။ ထို့အပြင် အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေပြီး ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရတတ်ခြင်းကြောင့် ရှောင်ကြဉ်သင့်သည်။

ထို့အပြင် နေ့ခင်းဘက် အပြင်ထွက်ရာ၌ အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့အဝတ်အထည်များ၊ ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်သင့်သည်။ ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်သုံးသင့်ကြောင်း၊ ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်သင့်ကြောင်း ပညာပေးနှိုးဆော်ထားသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာကြံ့ခိုင်စေရေးအတွက် ပြည်သူတစ်ရပ်လုံးက တစ်ကိုယ်ရေကျန်းမာမှု စောင့်ရှောက်ရေးလုပ်ငန်းများကို အစဉ်အလေးထားကြပြီး ကျန်းမာရေးဝန်ကြီးဌာနက အချိန်ရာသီအလိုက် ထုတ်ပြန်ထားသည့် ကျန်းမာရေး အသိပညာပေးနှိုးဆော်ချက်များနှင့်အညီ ဂရုပြုလိုက်နာ ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရွှေဆံတော်စေတီတော် ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း တွံတေးမြို့ရှိ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ရှိ ဗောဓိညောင်ပင်အား နှစ်စဉ်ကျင်းပမြဲဖြစ်သော ညောင်ရေသွန်းပွဲတော်ကို မေ၃ရက်၊ ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ညောင်ရေသွန်းလောင်းနိုင်ရန် စီစဉ်ထားသည်။ (က-ပ)

မြန်မာနိုင်ငံတော်ပြန်တမ်း

ရန်ကုန် ဧပြီ ၂၂

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းအား ယင်းဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။ (သတင်းစဉ်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ပေးပို့လှူဒါန်းသော ဘာသာရပ်ဆိုင်ရာစာအုပ်များ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ဩစတြေးလျနိုင်ငံ Charles Sturt တက္ကသိုလ်မှ ကထိက ဦးမျိုးဝင်း ပေးပို့လှူဒါန်းသော ဘာသာရပ်ဆိုင်ရာစာအုပ်၂၈၅အုပ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ အမှတ်(၂၀) အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာ၌ ကျင်းပသည်။

တက်ရောက်

ဘာသာရပ်ဆိုင်ရာ စာအုပ်များ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ အရာရှိကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံမှူးကြီးတာဝန်ထမ်းဆောင်ခဲ့သော ဦးသက်ဝင်းနှင့် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံမှူးကြီး တာဝန်ထမ်းဆောင်ခဲ့သော ဦးသက်ဝင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာကြည့်တိုက်တွင် အသုံးပြုရန်အတွက် ဩစတြေးလျနိုင်ငံ Charles Sturt တက္ကသိုလ်မှ ကထိက ဦးမျိုးဝင်းထံမှ ဘာသာရပ်ဆိုင်ရာ စာအုပ်များပေးပို့လှူဒါန်းရသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက အလှူရှင် ကထိက ဦးမျိုးဝင်း ပေးပို့လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ် ၂၈၅ အုပ်တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဌေးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက ဘာသာရပ်ဆိုင်ရာ စာအုပ်များ ပေးပို့လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယတပ်မတော် ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ တပ်မတော်အရာရှိကြီးများနှင့် ဧည့်သည်တော်များသည် ဧည့်ခန်းမအတွင်း ခင်းကျင်းပြသထားသော ကထိကဦးမျိုးဝင်း ပေးပို့လှူဒါန်းသည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ကြည့်ရှုကြသည်။

ရည်စူးလှူဒါန်း

ယနေ့ကျင်းပသော စာအုပ်လှူဒါန်းပွဲသည် ယခင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းတွင် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဖခင်ဖြစ်သူ ဦးဘတင်အား ရည်စူး၍ သားဖြစ်သူ ဩစတြေးလျနိုင်ငံ Charles Sturtတက္ကသိုလ်မှ ကထိက ဦးမျိုးဝင်းက အဆိုပါတက္ကသိုလ်၌ နေထိုင်စဉ်အတွင်း စာအုပ်များကို စုဆောင်း၍ ပေးပို့လှူဒါန်းခြင်းဖြစ်သည်။ (သတင်းစဉ်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ ဩစတြေးလျနိုင်ငံ Charles Sturtတက္ကသိုလ်မှ ကထိက ဦးမျိုးဝင်း လှူဒါန်းသော ဘာသာရပ်ဆိုင်ရာ စာအုပ်များကို ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသိန်းဌေးထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်

ဧပြီ ၂၂ ရက်က တတိယအကြိမ် စာပေညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် သုတစွယ်စုံစာပေတိုက် စာတည်းမှူးချုပ် ဒေါက်တာတင်ထွန်းဦး၊ ဒေါက်တာခင်မိုးမိုးတို့က အလှူငွေကျပ်တစ်သိန်းကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ) အား ပေးအပ်စဉ်။ (သတင်းစဉ်)

ဓမ္မစေတီ ဆရာတော် အထူးတရားပွဲ

ရန်ကုန်　　ဧပြီ　　၂၂

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် ကမာရွတ်ဘူတာရုံလမ်း ဇေယျဝတီပရိယတ္တိစာသင်တိုက် ဝိဇ္ဇာဓရဓမ္မဗိမာန်တွင် ဧပြီ ၂၇ ရက်မှ မေ ၃ ရက်အထိ ခုနစ်ညတိုင်တိုင် ညစဉ် ၇ နာရီမှစ၍ ဓမ္မကထိက ဆရာတော် ဓမ္မစေတီအရှင်ကောသလ္လ အရှင်သူမြတ်က တရားအစဉ် ဓမ္မအမြင်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ (၅၁)

ပေါက်စ

"ဩော် ... လောက လောက ဩချစရာကောင်းပုံက အကြောင်းစုံ ဘာကမျှမသိဘဲ ပြေူးကပြဲပြဲသလို သရဲကကမ္ဘဝါဖတ်၊ ညာတတ်မှ လူလိမ္မာ၊ အိမ်တကာမှာ အတင်းပြော အတွင်းသဘောက ကောက်ကျစ်၊ အညစ်တကာ့ ထိပ်ခေါင်၊ အကြောင်းအကျားနဲ့ ဇယားရှုပ်၊ အမှားလုပ်သမျှ ကမ်းကုန်၊ ကြုံဖူးပေါင် သူတို့စရိုက်၊ လူမကြိုက် နတ်မကြိုက်၊ ဘယ်သူမျှမကြိုက်တဲ့ လူ့သော့သွမ်းတွေကို (ရွာစားရေ) ငရဲလမ်းကပို့"

သို့ကလိုသော ပတ်တိုက်ဆိုင်းဆင့်အပြောနဲ့ နတ်သံနှောစရာအကြောင်းရင်းက အခြားမဟုတ်ပါဘူးခင်ဗျာ။ ၂၀၀၄ ခုနှစ် ဧပြီလ ၁၀ ရက်နေ့ နံနက် ၆နာရီမှာ VOAအသံလွှင့်ဌာနက "မြန်မာနိုင်ငံ၌ စာနယ်ဇင်းလွတ်လပ်ခွင့်ပေးရန် RSFက မြန်မာအစိုးရကို တိုက်တွန်း"ဆိုတဲ့ သတင်းခေါင်းစဉ်နဲ့ ထုတ်လွှင့်သွားသဗျ။ သတင်းအချက်အလက်အနေနဲ့ လိုရင်းတိုရှင်းပြောရရင် ပြင်သစ်အခြေစိုက် RSFနယ်ခြားမဲ့သတင်းထောက်များအဖွဲ့က နိုင်ငံရေးသတင်းတွေကို မနှစ်က စတင်ထုတ်ဝေခဲ့တဲ့ ရှမ်းမဂ္ဂဇင်းတစ်စောင် အပိတ်ခံရတယ်လို့ သိရှိပြီးတဲ့နောက် မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့်ပေးဖို့ တောင်းဆိုလိုက်တဲ့အကြောင်း၊ မြန်မာလို သောင်းပြောင်းထွေလာမဂ္ဂဇင်း၊ ရှမ်းလိုဆိုတော့ ရှန်ပိုင်မဂ္ဂဇင်းရဲ့ မနှစ်ဇူလိုင်လထုတ်စာစောင်ထဲမှာ သွေးစည်းညီညွတ်သော တိုင်းရင်းသားလူမျိုးစုအဖွဲ့ AUN နဲ့ ကုလသမဂ္ဂအထူးသံတမန် ရာဇလီ အစ္စမေးလ်တို့ တွေ့ဆုံဆွေးနွေးပွဲအကြောင်း ရေးသားထားတဲ့အတွက် အယ်ဒီတာကို ရုံးတင်စစ်ဆေးမယ်လို့ မြန်မာစစ်အစိုးရက ခြိမ်းခြောက်ခဲ့တဲ့အကြောင်း အဲသလို ထုတ်လွှင့်သွားသဗျ။

ပြောရရင်တော့ စိတ်ပိန်ဖို့ကောင်းတယ်ဗျာ။ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ဆိုတဲ့ နယ်မခြား စည်းမခြား ရမ်းကားတဲ့အပြင် စည်းမဲ့ကမ်းမဲ့ သိက္ခာမဲ့တဲ့အလုပ်တွေ၊ အပြောတွေကို လုပ်နေပြောနေတာတွေလည်း များလှပြီဗျာ။ နိုင်ငံတကာ မီဒီယာအခွင့်အရေး စောင့်ကြည့်မှုအဖွဲ့ဆိုပြီး ဟိတ်ကြီးဟန်ကြီးတစ်ခွဲသားနဲ့ အလွဲလွဲအမှားမှား ပြောနေလုပ်နေတာကလည်း ပေါက်စ အရမ်းအရမ်းသနားတယ်ဗျာ။

အခုလည်း လုပ်ချလိုက်ပုံက မြန်မာနိုင်ငံမှာ စာနယ်ဇင်းလွတ်လပ်ခွင့် ပေးဖို့ တိုက်တွန်းလိုက်သတဲ့ဗျာ။ ဘယ့်နှယ်ဗျ။ အပတ်စဉ်၊ လစဉ်ထုတ်နေတဲ့ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေဟာ ဘယ်ခေတ်ကာလကမျှ မရှိခဲ့ဖူးတဲ့ အမျိုးအမည်များစွာနဲ့ ရာချီရှိနေသလို ထောင်နဲ့သောင်းနဲ့ချီပြီး ထုတ်ဝေဖြန့်ချိနေကြတာကိုပဲ စာနယ်ဇင်း လွတ်လပ်ခွင့် ပေးပါဆိုတော့ အကြောင်းအကျားစကားဖြစ်မနေဘူးလားဗျာ။

အဲသဟာအပြင် မြန်မာလို သောင်းပြောင်းမဂ္ဂဇင်းပြောပြော၊ ရှမ်းလို ရှန်ပိုင်မဂ္ဂဇင်းပဲဆိုဆို အဲဒီနာမည်မျိုးနဲ့ ရှမ်းမဂ္ဂဇင်း မြန်မာနိုင်ငံမှာ တစ်ခါမှ မပေါ်ပေါက်ခဲ့ပါဘူးခင်ဗျာ။ တစ်ခုတော့ရှိတယ်ခင်ဗျာ့။ ရှမ်းဘာသာနဲ့ ဂျာနယ် တစ်ခုတော့ ပေါ်ခဲ့ဖူးတယ်။ အဲဒီဂျာနယ်ကို သက်ဆိုင်ရာက ထုတ်ဝေခွင့် မပြုတာဟာ ဘာနိုင်ငံရေးသတင်းရေးလို့မှ မဟုတ်ဘူးခင်ဗျ။ နိုင်ငံရေးပါတီ ထုတ်ဝေခွင့်ကို နှစ်ပေါက်တစ်ပေါက်ရိုက်ပြီး ကလီကမာနဲ့ အလွဲသုံးစား လုပ်နေတာနဲ့ပတ်သက်လို့ သက်ဆိုင်ရာက ထောက်ပြလိုက်တဲ့အတွက် အလိုက်သိသိ ရပ်တန်းကရပ်သွားတာခင်ဗျ။ ဘာမှအရေးမယူခဲ့ရသေးဘူးလို့ ပေါက်စ သိရတယ်။ အဲ့ဒီ အခြေအနေမှန်တွေကို ဘာမှမသိဘဲ ပြည်ပြေးဝရမ်းပြေးတွေ မြှောက်ပေးတိုင်းအော်ပေးနေရတဲ့ အသုံးချခံဘဝ ရောက်နေပြီဆိုတာ နယ်ခြားမဲ့သတင်းထောက်အဖွဲ့ဆိုတဲ့ ပုဂ္ဂိုလ်အကောင်းစားကြီးများ သဘောပေါက်ထားသင့်သဗျ။

ရှင်းရှင်းလေးခင်ဗျ။ ရှမ်းဘာသာနဲ့ထုတ်တဲ့ ရှန်ပိုင်ဆိုတဲ့ ဂျာနယ်ဟာ စာပေစိစစ်ရေးနှင့် မှတ်ပုံတင် ဌာနမှာ တရားဝင်ပုံနှိပ်ထုတ်ဝေခွင့်အတွက် မှတ်ပုံတင်ထားတဲ့စာစောင်မဟုတ်ဘူးခင်ဗျ။အဲ ... မြန်မာဘာသာ နဲ့ ထုတ်ဝေနေတဲ့ သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းတစ်စောင်ကတော့ တရားဝင်ပုံနှိပ်ထုတ်ဝေခွင့်နဲ့ လစဉ်ပုံနှိပ်ထုတ်ဝေနေတယ်ဗျာ။

ရှိသေးသဗျ။ တရားမဝင်စာစောင်တစ်စောင်ကလည်း ဘယ်လိုတွေရေးထားပြန်သလဲဆိုတော့ ရှန်ပိုင် မဂ္ဂဇင်းကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)ရဲ့ န/သန်ပါတ်နဲ့ ဦးစိုင်းညွန့်လွင်ပိုင် ဇလပ်နီ ပုံနှိပ်တိုက်မှာ ၂၀၀၁ ခုနှစ်ကတည်းက စတင်ပုံနှိပ်ထုတ်ဝေခဲ့တာ ဖြစ်တယ်လို့ ရေးထားသဗျ။ အဲသဟာပေါ့၊ ပေါက်စ ပြောနေတာ ရှင်းနေတာကို ရှုပ်အောင်လုပ်ပြီး ရှုပ်နေတာကို ရှင်းမရအောင် လုပ်ကြတာပေါ့ဗျာ။

ပြောတော့လည်း သူတို့ထက်တတ်တဲ့ သိတဲ့သူတောင် သူတို့လောက်မတတ်သလို မသိသလိုမျိုး ပြောပြောနေကြပြီး ပြောလိုက်လုပ်လိုက်တော့ အူကြောင်ကျားချည်းပဲ။ မဖြစ်ညစ်ကျယ် အတန်းအစားတွေပေါ့ဗျာ။ အဲဒီန/သန်ပါတ်ဆိုတာ နိုင်ငံရေးပါတီတွေကို သူတို့ပါတီတွေရဲ့ ဝါဒလမ်းစဉ်တွေ၊ သတင်းတွေကို ရေးသားပုံနှိပ်ဖြန့်ချိဖို့အတွက် တရားဝင်ထုတ်ဝေခွင့်ပေးထားတာ ဖြစ်တယ်ခင်ဗျ။ အဲဒီ န/သန်ပါတ်နဲ့ ပုံနှိပ်ထုတ်ဝေခွင့်နဲ့ ဂျာနယ်ထုတ်ပြီး စီးပွားရှာစားလို့ မရဘူးဗျာ။ အဲသဟာကို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ် (SNLD)ရဲ့ အတွင်းရေးမှူးလုပ်တဲ့သူက သူကိုယ်ပိုင်ပုံနှိပ်တိုက်မှာ ရိုက်နှိပ်ပြီး ကင်းလွတ်ခွင့် န/သ ၀၃၅ နဲ့ ထုတ်ဝေတယ်လို့ ခပ်တည်တည်နဲ့ နှစ်ပေါက်တစ်ပေါက် ရိုက်စား ကောက်ထည့်တာမျိုး လုပ်လိုက်တာပေါ့ဗျာ။ အဲ ...သူတို့ပြောသလို အနုပညာအကြောင်းအရာ ဝေဝေဆာဆာဖော်ပြပြီး ရောင်းတန်းဝင်ဂျာနယ် တစ်ခုအဖြစ် ထုတ်ဝေခဲ့တာမှန်သဗျ။ နိုင်ငံရေးပါတီကိစ္စများ မပါရေးချ မပါပါခင်ဗျာ။ ပုံနှိပ်ခအပါအဝင် ဂျာနယ်ပေါ်က အမြတ်ကတော့ သပိတ်ဝင်အိတ်ဝင်ပေါ့ဗျာ။ အဲ ... ပါတီဥက္ကဋ္ဌကြီးဖြစ်တဲ့ ဦးခွန်ထွန်းဦးတောင် သိမှသိပါ့မလားရယ်လို့ ပေါက်စ ကြားကနေ အခမဲ့သနားနေသဗျာ။

အဲသလို အခြေအနေမှန်တွေကို ဘာကမျှနားမလည်၊ မလေ့လာ၊ မစူးစမ်း မမေးမြန်းဘဲ သိသလို တတ်သလိုမျိုး မလည်ရှုပ်အလုပ်တွေ လုပ်လုပ်နေတဲ့ မြန်မာပြည်ပြေးဝရမ်းပြေးတွေက တရားမဝင် ရွှေပေလွှာ စာစောင်အစုတ်ပလုတ်တွေနဲ့ မဟုတ်တရုတ်တွေရေးပြီး အင်တာနက်ပေါ်က အလုပ်လုပ်ပြနေတာဟာ ဒီမိုကရေစီရေးလား၊ ဆရာကြီးသမားကြီး ဂုရုကြီးများဆီက လက်ဝါးဖြန့် တောင်းလို့ကောင်းအောင် ဒီမိုကရေစီ အသုံးစရိတ်စာရင်း ပြဖို့လားဆိုတာ ပေါက်စတို့ သိတယ်နော်လို့ပဲ ပြောပါရစေဗျာ။

ထားလိုက်ဦးခင်ဗျာ။ ဟို-နယ်စည်းမခြား ရမ်းကားနေကြတဲ့ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့ဆိုတာကြီးကလည်း သတင်းထောက်တွေဆိုပြီး ရလာတဲ့ သတင်းဟာ ဒါမှမဟုတ် ပို့လိုက်တဲ့သတင်းဟာ ဘယ်လိုနေရာက၊ ဘယ်လိုပုဂ္ဂိုလ်က ဘာသဘောနဲ့ ပေးလိုက် ပို့လိုက်တာလဲဆိုတာ လေ့လာစိစစ်ရကောင်းမှန်း မသိနားမလည်သလို သတင်းရဲ့အခြေအမြစ်၊ အဖြစ်အပျက်မှန်၊ မမှန် ဆိုတာလည်း မေးရမြန်းရကောင်းမှန်း မသိကြဘူးဆိုတော့ သတင်းစာလောကထဲမှာ သတင်းထောက်ဘဝကနေ ဒီနေ့ကာလအထိ နှစ်ပေါင်းလေးဆယ်လောက် ဖြတ်သန်းလာခဲ့တဲ့ ပေါက်စရဲ့ သတင်းစာသမားဘဝအနေနဲ့ လုံးဝ(လုံးဝ) မတွေ့ခဲ့ဖူး၊ မကြုံခဲ့ဖူးသေးသော အံ့ဖွယ်တစ်ပါးကမ္ဘာ့ရှားလှစွာသော နယ်ခြားမဲ့သတင်းထောက်ကြီးများကို တွေ့ရကြုံရတာဟာ နည်းနည်းနောနော ကုသိုလ်ကံမဟုတ်ပါကလားလို့ ပေါက်စကြံဖန်ပြီး ဂုဏ်ယူနေမိတယ်ဗျာ။

ဘယ့်နှယ့်ဗျာ။ သတင်းထောက်တို့၊ သတင်းတည်းဖြတ်သူ အယ်ဒီတာတို့ဆိုတာ သတင်းတစ်ပုဒ်ကို အလွယ်တကူ ပေါ့ပေါ့တန်တန်နဲ့ မစစ်ဆေး၊ မမေးမြန်းဘဲ အရမ်းကာရော ရေးတာမျိုး၊ ဖော်ပြတာမျိုး လုပ်ရိုးအစဉ်အလာ ဘယ်စာနယ်ဇင်းလောကမှာမှ မရှိခဲ့ကြဘူးခင်ဗျ။ အခုဟာက ကြီးကြီးကျယ်ကျယ် နိုင်ငံတကာမီဒီယာ အခွင့်အရေးစောင့်ကြည့်တဲ့အဖွဲ့ဖြစ်တယ်လို့ အသံကောင်းဟစ်ပြနေပေမယ့် လက်တွေ့လုပ်နေတာကတော့ အဲဒီ နယ်ခြားမဲ့ သတင်းထောက်အဖွဲ့(RSF) ဟာ မြန်မာနိုင်ငံစာနယ်ဇင်းနယ်ပယ်က မြန်မာအစိုးရနဲ့ ပတ်သက်ပြီး မဟုတ်မမှန် လုပ်ကြံလိမ်ညာ ပုတ်ခတ်စွပ်စွဲတိုက်ခိုက်တဲ့ သတင်းမှန်သမျှ လက်ဆင့်ကမ်းဝေငှ ဖြန့်ဖြူးပေးနေတဲ့ နယ်မခြားစည်းမထားတဲ့ သတင်းပွဲစားဖြစ်မှန်းမသိ ဖြစ်နေတာတွေ့ရတယ်ခင်ဗျ။ သေချာ တာကတော့ မရှုမလှ အလိမ်ခံနေရတာပါပဲခင်ဗျာ။ အလိမ်ခံရလို့ ခံနေရမှန်းမသိတဲ့ RSF အဖွဲ့အတွက် ပေါက်စအခမဲ့ စိတ်မကောင်းဖြစ်မိတယ်ဗျာ။

ကဲ ပေါက်စ နိဂုံးကမ္ပတ် အဆုံးသတ်ရရင် သတင်းထောက်တာဝန်ကျေဝတ်၊ စည်းကမ်း၊ သိက္ခာဟူ၍ ဘာကမျှမရှိ နတ္ထိသုညအတန်းစားများသာ ဖြစ်ကြတဲ့ တရားမဝင်စာစောင်များ ရေးသားဖြန့်ဖြူးနေကြတဲ့ မြန်မာပြည်ပြေးဝရမ်းပြေးများနဲ့ နယ်ခြားမဲ့သတင်းထောက်များအဖွဲ့တို့က လုပ်ကြံပုတ်ခတ်စွပ်စွဲ တိုက်ခိုက် ရေးသားဖြန့်ဖြူးနေတာတွေဟာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေကိုကော မြန်မာစာနယ်ဇင်းလောကကိုကော ပျက်စီးရာပျက်စီးကြောင်းအတွက် အရှက်မဲ့စွာ ဖျက်ဆီးနေတယ်ဆိုတာ မြန်မာစာနယ်ဇင်းသမားများ အပါအဝင် မြန်မာပြည်သူ ခုနစ်ရက်သားသမီးအပေါင်းက အကြောင်းသိနေတော့ **လိပ်ဖြစ်ရင်တောင် ခေါင်းမပြူဝံ့ပါဗျာ**ဆိုတဲ့စကားနဲ့ ပေါက်စ အခမဲ့ လက်ဆောင်ပါးလိုက်ပါတယ်ခင်ဗျား။ ။

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကိုပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ထူးခြားသည့်နေ့အပူချိန်များ

(၂၂-၄-၂၀၀၄)

မင်းဘူးမြို့ - ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
အောင်လံမြို့ - ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
ဘားအံမြို့ - ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန်မြို့(ကမ္ဘာအေး) - ၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** **Introduction to Economics** (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား ပြည်သူ့ရေးရာ)
၅:၃၀ ၁၀။ ပညာခေတ်
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၁)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၀)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

နိုင်ငံခြား သတင်းများ

အီရတ်နိုင်ငံ ပြန်လည် ထူထောင်ရေး လုပ်ငန်း
ကုလသမဂ္ဂသို့ လွှဲအပ်သင့်ဟု မလေးရှားဒုတိယဝန်ကြီးချုပ် ပြောကြား

ကွာလာလမ်ပူ ဧပြီ ၂၁

စစ်၏ အထုအထောင်းဒဏ် အပြင်းအထန် ခံထားရ၍ ပြိုပျက်နေသော အီရတ်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းကို ကုလသမဂ္ဂသို့ လွှဲအပ်သင့်သည်ဟု မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။ အီရတ်နိုင်ငံ၏ အုပ်ချုပ်စီမံရေးကိစ္စအားလုံးကို ကုလသမဂ္ဂသို့ အပြည့်အဝ လွှဲအပ်ထားသင့်သည်၊ ထို့နောက်တွင်မှ အီရတ်ပြည်သူများလက်သို့ ပြန်လည်၍ အုပ်ချုပ်ရေးလွှဲအပ်သော အစီအစဉ်ကို မလေးရှားနိုင်ငံအနေဖြင့် လိုလားသည်။ ဆုံးဖြတ်ချက်များကို ပြုလုပ်ရာ၌ အထက်ပါအချက်ကို ဘောင်အဖြစ်သဘောထားပြီး ဆောင်ရွက်စေလိုသည်ဟု နာဂျစ်က ပြောကြားခဲ့သည်။

အာမခံချက်ရှိရမည်

အီရတ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိစ္စများကို ဆောင်ရွက်ရာ၌ ကုလသမဂ္ဂအဖွဲ့ကို ကျယ်ပြန့်သော အခန်းကဏ္ဍမှ ပါဝင်စေမည်ဟူသော အာမခံချက်မျိုး ဦးစွာရှိစေရမည်။ ထို့နောက်တွင်မှသာ အီရတ်သို့ အထောက်အကူပြုရေးလုပ်ငန်းများ ဆောင်ရွက်ရန် မွတ်စလင်နိုင်ငံများမှ တပ်ဖွဲ့များ စေလွှတ်ပေးနိုင်မည်ဟု နာဂျစ်က ဆိုသည်။

အစ္စလမ္မစ်ကောင်စီ (အိုင်စီအို)၌ပင် အီရတ်အရေးကို ဆောင်ရွက်ရန် တရားဝင် အာဏာပိုင်မှု မရှိပေ။ ကုလသမဂ္ဂ အဖွဲ့သာလျှင် ထိုအာဏာမျိုးကို ကျင့်သုံးနိုင်ခွင့်ရှိသည်ဟု ဆိုသည်။

ပူပန်

အီရတ်နိုင်ငံတွင် သိမ်းပိုက်ရေး အမေရိကန်တပ်ဖွဲ့များနှင့် ဒေသခံ ပြည်သူများအကြား တိုက်ခိုက်မှုများ ပြင်းထန်လာသည့်ဖြစ်ရပ်ကို မလေးရှားနိုင်ငံအနေဖြင့် အလွန်အမင်း ပူပန်မိကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာ အာမက် ဘာဒါဝီက စောစောပိုင်းက ပြောကြားခဲ့သည်။

အီရတ်အရေးနှင့် ပတ်သက်နေသော အဖွဲ့စည်းများအားလုံးသည် အရာရာကို အစွမ်းကုန် ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခြင်းဖြင့် အီရတ်နိုင်ငံ၏ အခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုက်သည်ဟု ဘာဒါဝီက ပြောကြားသည်။

ကျင်းပ

ယခုသီတင်းပတ်အကုန်တွင် မလေးရှားနိုင်ငံ၌ အိုင်စီအိုအရေးပေါ် အစည်းအဝေးကို ကျင်းပသွားရန်ရှိသည်။ ထိုအစည်းအဝေးတွင် အီရတ်၏ အခြေအနေဖြစ်ထွန်းမှုများနှင့် ပါလက်စတိုင်း ပြဿနာများကို ဆွေးနွေးသွားကြမည်ဖြစ်၏။

လောလောဆယ်တွင် အဖွဲ့ဝင် ၅၇ နိုင်ငံပါဝင်သော အိုင်စီအိုအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် မလေးရှားနိုင်ငံက ဆောင်ရွက်လျက်ရှိသည်။ ထိုအဖွဲ့ကို ၁၉၇၀ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးခဲ့သည့်ကားများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁ ရက်မှ ၂၂ ရက်အထိ အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀၆ ဦးရှိ

ဝါရှင်တန် ဧပြီ ၂၂

ယခုလသည် အီရတ်၌ အမေရိကန် တပ်ဖွဲ့ဝင်သေဆုံးမှု အများဆုံးလဖြစ်သည်။ အီရတ်စစ်ပွဲကာလ အတွင်း ယခုလလောက် တပ်ဖွဲ့ဝင်အသေအပျောက်များသည့်လ မရှိခဲ့သေးပေ။ အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသည့် အရေအတွက် ပိုမိုများပြားလာခြင်းနှင့် အီရတ်စစ်ပွဲ၏ ခံစားထိုက်သောအရာများနှင့် ပတ်သက်၍ အမေရိကန်ပြည်သူတို့ စိတ်ပျက်သံသယဝင်လာကြကြောင်း ပြည်သူ့သဘောထားစစ်တမ်းများက ပြသနေသည်။

ဆွန်နီနှင့် ရှီးယိုက်ဒေသနှစ်ခုစလုံးတွင် ခုခံတွန်းလှန်ရေး အင်အားစုများက ပြင်းထန်စွာ တိုက်ခိုက်သည့်အတွက် ဧပြီလအတွင်းတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ အနည်းဆုံး ၁၀၆ ဦးရှိသည်။ ယင်းမှာ ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားရန် အမေရိကန်ဦးဆောင်သည့် တပ်များအီရတ်အား ကျူးကျော်တိုက်ခိုက်မှု စတင်သည့်အချိန်မှ ယနေ့အထိ မည်သည့်လထက်မဆို အမေရိကန် တပ်ဖွဲ့ဝင် အသေအပျောက် ပိုမိုများပြားသည်။ ယခင်က အသေအပျောက်အများဆုံးလမှာ နိုဝင်ဘာလဖြစ်ပြီး အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၈၂ ဦးသေဆုံးခဲ့သည်။

အင်တာနက်။

အမေရိကန်တင့်ကားမှ ပစ်ခတ်၍သေဆုံးခဲ့သော စပိန် ဓာတ်ပုံဆရာ၏အမှုတွဲကို အမေရိကန်ထံမှ စပိန်တောင်းဆို

မဒရစ် ဧပြီ ၂၁

အီရတ်စစ်ပွဲကာလအတွင်းက ဘဂ္ဂဒက်ဟိုတယ်ပေါ်တွင် စပိန် ဓာတ်ပုံသတင်းထောက်ရှိနေစဉ် အမေရိကန် တင့်ကားတစ်စီး၏ ပစ်ခတ်မှုကြောင့် ၎င်း သေဆုံးခဲ့ရသည်။ ထိုစပိန်ဓာတ်ပုံသတင်းထောက် သေဆုံးရမှုနှင့် သက်ဆိုင်သည့် အမှုတွဲများကို စပိန်နိုင်ငံသို့ လွှဲအပ်ပေးရန် အင်္ဂါနေ့က စပိန်တရားရုံးက အမေရိကန်တို့ထံ တောင်းခံလိုက်သည်။

ဆန္ဒရှိ

တယ်လီဆီနီဂျာနယ်မှ သတင်းစာဆရာ ဂျိုဆေးကော်ဆိုသည် သေဆုံးသွားသူ ဓာတ်ပုံဆရာ၏ ဆွေမျိုးသားချင်းဖြစ်သည်။ ၎င်းက စပိန်တရားရုံးသို့ ဓာတ်ပုံဆရာ သေဆုံးရသောကိစ္စကို စုံစမ်းပေးပါရန် ပန်ကြားခဲ့သည်ကို တရားရုံးက လက်ခံခဲ့သည်။ ထိုသေဆုံးမှုနှင့်ပတ်သက်၍ ဆွေမျိုးသားချင်းများက အမေရိကန်တပ်ဖွဲ့ဝင် သုံးဦးကို ရုံးတင်တရားစွဲဆိုလိုသော ဆန္ဒရှိကြသည်။

စပိန်ဓာတ်ပုံဆရာ သေဆုံးရသောကိစ္စနှင့်စပ်ဆိုင်သည့် သတင်းအချက်အလက် အမှုတွဲအထောက်အထားများ အားလုံး၏မိတ္တူများကို အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် အမေရိကန်တရားရေးဌာနတို့မှ စပိန် တရားရုံးသို့ လွှဲပြောင်းပေးရန် စပိန်တရားသူကြီး ဘာလ်တာဆာဂါဇွန်က တောင်းခံခဲ့သည်။

အသက် ၃၇ နှစ်ရှိ စပိန်ကင်မရာဆရာသည် ဧပြီ ၈ ရက်တွင် အမေရိကန်တင့်ကားတစ်စီးမှ ပစ်ခတ်ခဲ့သောကြောင့် သေဆုံးခဲ့ရသည်။ ထိုသတင်းထောက်မှာ ဘဂ္ဂဒက်ရှိ သတင်းစာသမားများ အခြေစိုက်ကာ သတင်းယူနေကြသော ဘဂ္ဂဒက် ဟိုတယ်ပေါ်တွင် တည်းခိုကာသတင်းလိုက်နေခိုက် သေဆုံးရခြင်းဖြစ်ကြောင်း သိရသည်။

စပိန်ဥပဒေအရ အမှုအခင်းမည်သည့်နေရာ၌ ပေါ်ပေါက်စေကာမူ စပိန်မြေပေါ်၌ တရားစီရင်ခွင့်ပေးထားပြီး ယခုအမှုမှာလည်း စစ်ရာဇဝတ်မှု မြောက်သော ပြစ်မှုဖြစ်ကြောင်း သေဆုံးသွားသူ၏ မိသားစုရှေ့နေက ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားရာသို့ စုရုံးရောက်ရှိလာသည့် အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုနီဘလဲ၏ အီရတ်မူဝါဒအပေါ် ဗြိတိန်လူထုထောက်ခံမှု ရုတ်တရက်ကျဆင်း

လန်ဒန် ဧပြီ ၂၁

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ အီရတ်နိုင်ငံဆိုင်ရာမူဝါဒနှင့် ပတ်သက်၍ ဗြိတိန် လူထု၏ ထောက်ခံမှုမှာ လွန်ခဲ့သောနှစ်လအတွင်း သိသိသာသာကျဆင်းလျက်ရှိပြီး မဲဆန္ဒရှင် ထက်ဝက်နီးနီး သို့မဟုတ် ၄၈ ရာခိုင်နှုန်းတို့က အီရတ်စစ်ပွဲဆင်နွှဲခြင်းသည် တရားမျှတမှုမရှိကြောင်း နောက်ဆုံးကောက်ယူသော စစ်တမ်းက ဖော်ပြလိုက်သည်။

မဲဆန္ဒပေးသူ ဗြိတိန်နိုင်ငံသား သုံးပုံနှစ်ပုံတို့က အီရတ်အခြေအနေနှင့် ပတ်သက်၍ အမေရိကန်၏ကိုင်တွယ်ပုံကို လုံးဝယုံကြည်မှုမရှိကြောင်းနှင့် ၇၅ ရာခိုင်နှုန်းသော မဲဆန္ဒပေးသူများက အီရတ်ရှိ ဗြိတိသျှကုမ္ပဏီများအတွက် အလုပ်လုပ်ပေးနေသူ အရပ်သားများအဖို့ အလွန်အန္တရာယ်ရှိကြောင်း ပြောဆိုခဲ့ကြသည်။ အဆိုပါစစ်တမ်းကို အီရတ်နိုင်ငံတွင်းသို့ ဝင်ရောက်ပြီးနောက်ပိုင်း သွေးထွက်သံယိုဖြစ်မှု အများဆုံးဖြစ်ပွားခဲ့အပြီးတွင် ဂါးဒီးယန်းနှင့် အိုင်စီအမ်အုပ်စုက ကွင်းဆင်းကောက်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါ စစ်တမ်းအတွက် ဆန္ဒမဲပေးသူ ဗြိတိန်နိုင်ငံသားများက စပိန်အစိုးရအဖွဲ့သစ်၏ နမူနာအတိုင်း ဘလဲအနေဖြင့် လိုက်နာဆောင်ရွက်သင့်ကြောင်း ယူဆကြသည်။ ထို့အပြင် ဗြိတိသျှတပ်ဖွဲ့များကို အီရတ်နိုင်ငံမှ ခြောက်လအတွင်း ပြန်ခေါ်ယူသင့်ကြောင်း ဆန္ဒပြုကြသည်။ ထို့အပြင် လေဘာပါတီအား မဲပေးသူများထဲ၌ပင် ၆၂ ရာခိုင်နှုန်းတို့က အမေရိကန်အစိုးရအဖွဲ့၏ အီရတ်နိုင်ငံအရေး ကိုင်တွယ်မှုအပေါ် ယုံကြည်မှုအနည်းအကျဉ်းသာရှိကြသည်ဆို၏။

အမ်အင်အေ၊အေပီ။

ထိုင်းနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်တိုက်မှုကြောင့်သေဆုံးသူ ၆၅၄ ဦး၊ ဒဏ်ရာရသူ ၃၆၆၄၂ ဦးရှိ

ဗန်ကောက် ဧပြီ ၂၁

ဗန်ကောက်မြို့တော်အတွင်း ယာဉ်တိုက်မှု လျော့ပါးရေးအတွက် သင်္ကြန်ပွဲတော်အပြီးတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရေးအစီအစဉ်ကို ဗန်ကောက်မြို့တော် အုပ်ချုပ်ရေးအဖွဲ့ (ဘီအမ်အေ)က ဆက်လက်ကျင့်သုံးမည်ဖြစ်ကြောင်း မြို့တော်မှတ်တမ်းထိန်းအရာရှိ နာသနွန်ထာဗီဆင်က အင်္ဂါနေ့တွင် ပြောကြားသည်။

ထိုအစီအစဉ်ကို ဝါတွင်းသုံးလ ကုန်ဆုံးသည်အထိ ချမှတ်ကျင့်သုံးမည်ဖြစ်ကြောင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး စာစောင်များနှင့်တကွ ပိုစတာ၊ ဆိုင်းဘုတ်များပါ အသုံးပြု လှုံ့ဆော်သွားမည်ဟု ၎င်းက ပြောဆိုသည်။

ထိုင်းနှစ်သစ်ကူး အတာသင်္ကြန်အတွင်းတွင် ယာဉ်တိုက်မှုကြောင့် လူပေါင်း ၆၅၄ ဦး သေဆုံးခဲ့သည်။ ယင်းမှာ ယမန်နှစ်က သေဆုံးသူစုစုပေါင်း ၈၄၀ ရှိခဲ့ရာမှ လျော့နည်းသွားခြင်းဖြစ်သည်။

ဧပြီ ၉ ရက်မှ ၁၈ ရက်အထိ ထိုင်းနှစ်သစ်ကူး သင်္ကြန်အတွင်း ဒဏ်ရာရသူပေါင်း ၃၆၆၄၂ ဦး ရှိခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရခြင်းမှာ နမော်နမဲ့နိုင်မှု၊ မူးယစ်သောက်စားမောင်းနှင်မှုနှင့် မော်တော်ဆိုင်ကယ်ကို ဦးထုပ်မပါဘဲ စီးနင်းမှုတို့ကြောင့်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်ရှိထိုင်းတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရလျှင် ပြန်လည်ရုပ်သိမ်းမည်

ဗန်ကောက် ဧပြီ ၂၁

အီရတ်တွင် အမေရိကန်၏ အပေါင်းပါများကို တိုက်ခိုက်ခြင်း၊ ဖမ်းဆီးခြင်းများသည် လှိုင်းတံပိုးသဖွယ် အရှိန်ပြင်းလာလျက်ရှိသည်။ ထိုအခြေအနေများဖြစ်ပေါ်လာပြီးနောက်ပိုင်းတွင် အီရတ်နိုင်ငံသို့ စေလွှတ်ထားသော ထိုင်းတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခံလာရပါက ထိုင်းတပ်ဖွဲ့ဝင် ၄၅၁ ဦးတို့ကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်က ပြောကြားလိုက်သည်။

ထိုင်းတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သောနှစ်ကတည်းကစ၍ အီရတ်နိုင်ငံ ကာဘာလာမြို့တွင် လူသားချင်း စာနာသော အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ယခုအခါ ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်ထရာသည် ထိုင်းတပ်ဖွဲ့ဝင်များကို ထိုင်းနိုင်ငံသို့ ပြန်လည်ခေါ်ယူရန် တောင်းဆိုမှုများနှင့် ရင်ဆိုင်နေရသည်။

စပိန်နိုင်ငံက အီရတ်နိုင်ငံမှ ၎င်း၏တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းမည်ဟု ကြေညာခဲ့သည်။ ထို့နောက်ပိုင်းတွင် ဟွန်ဒူးရပ်(စ်) နိုင်ငံကလည်း စပိန်နိုင်ငံနည်းတူ မိမိ၏ တပ်ဖွဲ့ဝင်များကိုပါ ပြန်လည်ခေါ်ယူမည်ဖြစ်ကြောင်း ကြေညာခဲ့ပြန်သည်။

နောက်တစ်ရက်အကြာတွင် ထိုင်းဝန်ကြီးချုပ်က အီရတ်ရှိ ထိုင်းတပ်ဖွဲ့ဝင် တိုက်ခိုက်ခံရပြီး အသေအပျောက် အထိအခိုက်ရှိလာပါက အီရတ်တွင် ဆက်လက်၍ ချထားလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်ဟုဆိုသည်။

ဆွီဒင်နိုင်ငံရှိ ထိုင်းသံရုံးသို့ ခြိမ်းခြောက်စာ ရောက်ရှိခဲ့သည်။ ထိုစာတွင် အီရတ်သို့ တပ်ဖွဲ့များ စေလွှတ်ခဲ့သဖြင့် စပိန်နိုင်ငံ မဒရစ်မြို့ ရထားဗုံးပေါက်မှုကဲ့သို့ ကြမ္မာမျိုးနှင့် ထိုင်းနိုင်ငံ ကြုံတွေ့ရမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည်။ ထိုခြိမ်းခြောက်စာ ရရှိခဲ့ပြီးနောက်ပိုင်း၌ ထိုင်းဝန်ကြီးချုပ်က အထက်ပါစကားကို ပြောကြားသွားခြင်းဖြစ်သည်။

အင်တာနက်။

အီရတ်ကို တိုက်ခိုက်မှုနှင့် ဟားမာ့စ်ခေါင်းဆောင်နှစ်ဦးလုပ်ကြံခံရမှုနောက်ပိုင်း အရှေ့အလယ်ပိုင်းမှ အာရပ်များက အမေရိကန်တို့ကို ယခင်ကထက်ပို၍ မုန်းတီးလာ

ပါရီ ဧပြီ ၂၁

အီရတ်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်မှုနှင့် ဟားမာ့စ်ခေါင်းဆောင်နှစ်ဦးတို့ကို အစ္စရေးတို့က လုပ်ကြံခဲ့မှုများ ဖြစ်ပွားပြီးနောက်တွင် အရှေ့အလယ်ပိုင်းဒေသရှိ အာရပ်များသည် အမေရိကန်ကို ယခင်ကထက်ပို၍ မုန်းတီးလာကြောင်း အင်္ဂါနေ့တွင် ထုတ်ဝေသည့် ပြင်သစ်သတင်းစာ လီမွန်ဒီ၌ ဖော်ပြထားသည့် ဝေဖန်ချက်တွင် အီဂျစ်သမ္မတ မူဘာရက်က ပြောကြားသည်။

အမေရိကန် ပြည်ထောင်စု၏ လုပ်ရပ်များကြောင့် အာရပ်ကမ္ဘာတွင် မျှော်လင့်ချက်ကင်းမဲ့မှု၊ ဒေါသထွက်မှုနှင့် တရားမမျှတမှုအမြင်များကို ဖြစ်စေခဲ့ကြောင်း မူဘာရက်က ပြင်သစ်သတင်းစာသို့ ပြောကြားသည်။

၎င်းသည် လွန်ခဲ့သည့် သီတင်းပတ်က အမေရိကန်ပြည်ထောင်စုသို့ သွားရောက် လည်ပတ်ခဲ့သည်။

ယနေ့ကာလတွင် အရှေ့အလယ်ပိုင်းဒေသ၌ မည်သည့်အခါကမျှနှင့် မတူအောင် အမေရိကန်တို့အပေါ် မုန်းတီးလာကြကြောင်း ပြင်သစ်၌ လည်ပတ်စဉ်တွေ့ဆုံမေးမြန်းခန်း၌ ၎င်းကပြောကြားသည်။ ပြင်သစ်၌ ရှိနေစဉ် မူဘာရက်သည် သမ္မတဂျက်ရှီရက်ဖ်နှင့် တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့သည်။

ရန်လိုမှုများ၏ တစ်စိတ်တစ်ဒေသမှာ အစ္စရေးတို့ကို အမေရိကန်တို့က ထောက်ခံ အားပေးနေမှုကြောင့် ဖြစ်သည်ဟု မူဘာရက်က အပြစ်ဖို့လိုက်သည်၊ အစ္စရေးသည် ဟားမာ့စ်ခေါင်းဆောင်ရှိတ်ဟာမက် ယာဆင် အသတ်ခံရပြီးနောက် ၎င်းအားဆက်ခံသူ ဟားမာ့စ်ခေါင်းဆောင် အမ္ဗဒယ် အဇစ်ရန်တီစီကို လွန်ခဲ့သည့် စနေနေ့က ဂါဇာကမ်းမြောင်တွင် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ပြီး လုပ်ကြံသတ်ဖြတ်ခဲ့သည်။

အစပိုင်းတွင် အာရပ်အချို့က အမေရိကန်တို့သည် ၎င်းတို့အား ကူညီနေသည်ဟု ယူဆခဲ့ကြောင်း ထိုစဉ်က အမေရိကန်တို့ကို မုန်းတီးမှုမရှိကြောင်း၊ အီရတ်နိုင်ငံမှ အဖြစ်အပျက်များ ဖြစ်ပွားခဲ့ပြီးနောက်တွင် ယခင်က မကြုံစဖူးလောက်အောင် အမေရိကန်တို့ကို မုန်းတီးလာကြပြီး ယင်းအချက်ကိုလည်း အမေရိကန်တို့က သိရှိကြကြောင်း မူဘာရက်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဆီယံစွမ်းအင်ဝန်ကြီးများ ဖိလစ်ပိုင်၌ စည်းဝေးမည်

မနီလာ ဧပြီ ၂၁

စွမ်းအင်ကဏ္ဍ ဖြန့်ဖြူးမှု ဖူလုံစေရေးနှင့် ဒေသတွင်းရှိ နိုင်ငံအချို့၌ စွမ်းအင်အကျပ်အတည်း ရှောင်ရှားရေးတို့အတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများသည် ဇွန်လ ၇ ရက်မှ ၁၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စည်းဝေးကြမည်ဖြစ်ကြောင်း ဖိလစ်ပိုင် သတင်းစာတစ်စောင်က ဖော်ပြသည်။

စွမ်းအင်ဖူလုံရေးသည် အာဆီယံ စွမ်းအင်ဝန်ကြီးများ အစည်းအဝေး၏ ထိပ်တန်းဦးစားပေး အစီအစဉ်ဖြစ်ကြောင်း ဖိလစ်ပိုင်စွမ်းအင် ဌာနက မနီလာဘူလက်တင် သတင်းစာသို့ ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် စွမ်းအင်ကဏ္ဍပြဿနာများကိုလည်း ဖြေရှင်းမည်ဖြစ်ကြောင်း အဆိုပါ ဌာနက ပြောကြားသည်။

အင်အင်အေ၊ ဆင်ဟွာ။

ကြည့်ရှု

ဧပြီ ၂၁ ရက်က ဒုံးကျည်များ ထိမှန်မှုကြောင့် ဘဂ္ဂဒက်မြို့ နေအိမ်တစ်အိမ်၏ အပျက်အစီးများကို အီရတ်များ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုများဖြစ်ပွားပြီးနောက် ဒဏ်ရာရသူများကို သယ်ဆောင်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒိုမီနီကန်တပ်ဖွဲ့ဝင် ၃၀၂ ဦး အီရတ်မှ ရုပ်သိမ်းမည်ဟု ထုတ်ပြန်ကြေညာ

မက္ကဆီကို ဧပြီ ၂၁

ဒိုမီနီကန် သမ္မတနိုင်ငံက စပိန်နိုင်ငံကဲ့သို့ပင် အီရတ်ရှိ ဒိုမီနီကန်တပ်ဖွဲ့ဝင် ၃၀၂ ဦးကို ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ဒိုမီနီကန်လက်နက်ကိုင်တပ်များဆိုင်ရာ ဝန်ကြီးဟိုဆေးမစ်ရှဲ ဆိုတိုဂျီမီနက်က အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

လာမည့်ရက်သတ္တပတ် သို့မဟုတ် နောက်တစ်ပတ်တွင် မိမိတို့တပ်များကို အီရတ်မှ ရုပ်သိမ်းမည်ဖြစ်ကြောင်းဖြင့် ဒိုမီနီကန်သမ္မတ ဟစ်ပိုလီတိုနှင့် တွေ့ဆုံအပြီးတွင် ဆိုတိုဂျီမီနက်က ဆန်တိုဒိုမင်ဂိုမြို့တော်တွင် ထုတ်ပြန်ပြောကြားလိုက်သည်။

အီရတ်မှအင်အား ၁၃၀၀ ရှိ စပိန်တပ်ဖွဲ့ဝင်များကို ရုပ်သိမ်းရန် စပိန်ဝန်ကြီးချုပ်သစ် ဟိုဆေးဇာပါတီရိုက ဆုံးဖြတ်ပြီးနောက် ဒိုမီနီကန်နိုင်ငံက ယင်းသို့ ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ဒိုမီနီကန်တပ်ဖွဲ့ဝင်များမှာ ဟွန်ဒူးရပ်(စ်)နှင့် အယ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ ချထားသည့် နာဂျက်ဖ်မြို့တွင် ဖြန့်ကြက်ထားသော စပိန်တပ်များ ဦးဆောင်သည့် တပ်များတွင် ပါဝင်သည်။ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပြီးနောက် ဟွန်ဒူးရပ်(စ်) နိုင်ငံကလည်း ၎င်း၏ တပ်ဖွဲ့ဝင် ၃၇၀ကို ရုပ်သိမ်းမည်ဟု ဆုံးဖြတ်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကနေဒါနိုင်ငံသားတစ်ဦး အီရတ်၌ ပြန်ပေးဆွဲခံရပြန်

အော့တဝါ ဧပြီ ၂၁

အီရတ်နိုင်ငံတွင် ကနေဒါနိုင်ငံမှ ဒုတိယမြောက်နိုင်ငံသားတစ်ဦး ပြန်ပေးဆွဲခံကြောင်း ကနေဒါနိုင်ငံခြားရေးဌာနက အင်္ဂါနေ့တွင်အတည်ပြုလိုက်သည်။

မိုဟာမက်ရီဖတ်မှာ ဧပြီ ၈ ရက်ကတည်းက ပျောက်နေကြောင်း ကနေဒါနိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ မိုဟာမက်ရီဖတ်သည် ကနေဒါနိုင်ငံသားဖြစ်ပြီး ပြန်ပေးဆွဲခံရကြောင်းဖြင့် ကနေဒါအစိုးရက အတည်ပြုထားသည်။

ရီဖတ်(၄၁)နှစ်မှာ အသက်ရှင်လျက်ရှိကြောင်း၊ သို့သော်မည်သည့်အဖွဲ့က ၎င်းအားပြန်ပေးဆွဲပြီး မည်သည့်နေရာသို့ ရောက်ရှိနေသည်ကို မသိရသေးကြောင်းဖြင့် ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။

ရီဖတ်အီရတ်တွင်ပြန်ပေးဆွဲခံရကြောင်းကို ၎င်း၏မိသားစုထံ ကနေဒါနိုင်ငံခြားရေးဌာနက အသိပေးထားပြီးဖြစ်သည်။ ဖမ်းထားသူများအနေဖြင့် ၎င်းအား လွှတ်ပေးရန်လည်း ကနေဒါနိုင်ငံခြားရေးဌာနက မေတ္တာရပ်ခံထားသည်။

ထောက်ပံ့ရေးလုပ်သား ဖာဒီဖာဒယ်ဆိုသူ ကနေဒါနိုင်ငံသားကို အီရတ်ခုခံရေးသမားများက ၁၀ရက်ကြာဖမ်းပြီးနောက် လွန်ခဲ့သည့်လေးရက်က ပြန်လွှတ်ပေးလိုက်သည်။ ၎င်းကို ဂျော်ဒန်နိုင်ငံ၌ ပြန်တွေ့ရကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံကိစ္စတွင် အီရတ်ပြည်သူများ၏ အမြင်ကို ကုလစဉ်းစားသင့်

ပေကျင်း ဧပြီ ၂၁

အီရတ်အရေးကိစ္စများကို ဆုံးဖြတ်ချက်ချမှတ်လျှင် ကုလသမဂ္ဂအနေဖြင့် အီရတ်ပြည်သူများ၏အမြင် ကို ထည့်သွင်းစဉ်းစားသင့်ကြောင်း တရုတ်ပြည်က အင်္ဂါနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂကိုယ်စားလှယ် ဘရာဟီမီသည် အီရတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေပြီး အီရတ်အခြေအနေနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အစီရင်ခံစာတင်ပြရန် ဆောင်ရွက်နေကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ကွန်ကျန်က ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် တရုတ်ပြည်သည် အီရတ်အရေးကို အလွန်အမင်းစိုးရိမ်ပူပန်ကြောင်းနှင့် အီရတ်အရေး ဆွေးနွေးပွဲများတွင် အပြုသဘောဆောင် ပါဝင်လှုပ်ရှားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ကုလသမဂ္ဂအနေဖြင့် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲအစီအစဉ်များနှင့် ပတ်သက်၍ အီရတ်နိုင်ငံရှိ အလွှာလွှာအသီးသီးနှင့် အုပ်စုများ၏ အမြင်များကို လေ့လာသုံးသပ်သင့်သည်ဟု မိမိတို့ ယူဆကြောင်း၊ အဆိုပါအမြင်များသည် အီရတ်ပြည်သူများ၏ ယူဆချက်များကို ကိုယ်စားပြုသည့်အတွက် ဆုံးဖြတ်ချက်များကို မချမှတ်မီ ကုလသမဂ္ဂက ယင်းအမြင်များကို စဉ်းစားသင့်ကြောင်း ကွန်က ပြောကြားသည်။

အီရတ်ကိစ္စကို ကုလသမဂ္ဂမူဘောင်အတွင်းမှ ဖြေရှင်းသင့်သည်ဟု တရုတ်ပြည်က အမြဲတစေခံယူထားကြောင်းနှင့် ယင်းအမြင်ကို ကမ္ဘာ့နိုင်ငံအများစုက ခံယူထားကြောင်း ၎င်းက ပြောကြားသည်။

တရုတ်ပြည်၌ အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကို အလွန်အမင်းစိုးရိမ်ပူပန်ကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေမှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဧပြီ ၁၉ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့နှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုဖြစ်ပွားခဲ့မှုကြောင့် နေအိမ်ဆုံးရှုံးခဲ့ရသည့် မိသားစုဝင်များ ဆွေမျိုးသားချင်း၏နေအိမ်တွင် ပူးပေါင်းနေထိုင်နေရသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးခဲ့ရသည့် မိသားစုများက အမေရိကန်တပ်ဖွဲ့ကို ကန့်ကွက်ဆန္ဒပြစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဖေဖော်ဝါရီ ၁၂ရက်က ဆာမာဝါမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပျက်စီးခဲ့ရ သည့် နေအိမ်ခေါင်မိုးကို လက်ညှိုးထိုးပြနေသည့် အီရတ်ကလေးငယ် ညီအစ်မနှစ်ဦးတို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



စုရုံးရောက်ရှိ

ဧပြီလ ၁၅ရက်က ဘဂ္ဂဒက်မြို့ ခြံဝင်းအတွင်း လက်ပစ်ဗုံးပေါက်ကွဲရာနေရာဆီသို့ စုရုံးရောက်ရှိလာသည့် အီရတ်ကလေးငယ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)



ဧပြီ ၆ရက်က ဘာဆာရာမြို့တွင် အီရတ်စစ်ပွဲကြောင့်ပျက်စီးနေသော စက်ရုံဟောင်းတစ်ရုံအတွင်း ရွက်ဖျင်တဲထိုးကာ နေထိုင်သည့်အိမ်တစ်အိမ်၌ အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့အနီးရှိ အဓိကကျသော ရေနံပိုက်လိုင်း မီးလောင်ကျွမ်းလျက်ရှိသည်ကို ၂၀၀၃ခုနှစ် ဧပြီလ (၅)ရက်က တွေ့မြင်ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျောက်ဆည် တက္ကသိုလ် လေးထပ် ပင်မဆောင်

မန္တလေးတိုင်း ကျောက်ဆည်မြို့ ကျောက်ဆည် တက္ကသိုလ် လေးထပ် ပင်မဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ဧပြီ ၈ရက်က တွေ့ရစဉ်။

(သတင်းစဉ်)

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဟူသော စီးပွားရေးဦးတည်ချက်နှင့်အညီ ရန်ကုန်မြို့ မင်္ဂလာဒုံစက်မှုဇုန်၌ တည်ဆောက်ပြီးစီးသွားပြီဖြစ်သော **Myanmar Asia Optical International Co., Ltd.** အလင်းနှင့်ဆိုင်သော ပစ္စည်းကိရိယာစက်ရုံကို မတ် ၃၁ရက်က တွေ့ရစဉ်။ (သတင်းစဉ်)

ကွန်ပျူတာ ကောလိပ် (မန္တလေး)

အစိုးရ ကွန်ပျူတာ ကောလိပ် (မန္တလေး) တည်ဆောက်ပြီးစီးမှု အခြေအနေကို ဧပြီ ၈ရက်က တွေ့ရစဉ်။

(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တာဝန်ရှိသူများ၊ ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညှိနှိုင်းအစည်းအဝေးကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

စတုတ္ထအကြိမ် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ ကျင်းပရေး ဦးစီး ကော်မတီ အတွင်းရေးမှူး၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က စ တု တ္ထ အ ကြိမ် ကမ္ဘာ့ ဗုဒ္ဓဘာသာ ထိပ်သီး ညီလာခံ နိုင်ငံတကာ အဆင့်မီ အောင်မြင်စွာ ကျင်း ပ နိုင် ရေး အတွက်ဆောင်ရွက် နေမှုများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အစီအစဉ်အရ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းပါဝင်ပံ့ပိုးမည့် ဂျပန်နိုင်ငံ ဗုဒ္ဓဘာသာအဖွဲ့နှင့် သွားရောက်ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဖွဲ့စည်းပြီးဖြစ်သည့် ကော်မတီနှင့် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ တိုးတက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများ အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ နိုင်ငံတကာအဆင့်မီ ကျင်းပရေးဆိုင်ရာကိစ္စရပ်များကို လုပ်ငန်းကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားရာတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို နိုင်ငံတကာ ညီလာခံများ၏ အင်္ဂါရပ်များနှင့်အညီ ခေတ်မီစနစ်ကျစွာ ကျင်းပနိုင်ရေး၊ ညီလာခံကျင်းပမည့်နေရာနှင့် ပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် ခံ့ညားထည်ဝါပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေးနှင့် ထေရဝါဒ ဗုဒ္ဓဘာသာ၏ အနှစ်သာရထုံးတမ်းအစဉ်အလာများနှင့် ညီညွတ်သည့် ဘာသာရေးအခမ်းအနားတစ်ရပ်ပီသရေး၊ ဧည့်သည်တော်များ၏စိတ်နှလုံးတွင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းသာယာမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ သဘာဝပတ်ဝန်းကျင် မပျက်မယွင်း တည်ရှိနေမှုတို့ ခံစားမိစေရေး အလေးထား စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံအခမ်းအနားတွင် အသုံးပြုမည့် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာတော်ဆိုင်ရာ စာအုပ်စာတမ်းများ၊ ယပ်များ၊ စားပွဲ၊ ကုလားထိုင် စသည့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများ၊ ညီလာခံရင်ထိုးတံဆိပ်နှင့် အမှတ်တရ လက်ဆွဲအိတ်နမူနာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသို့ သွားရောက်၍ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပရဝဏ် စိမ်းလန်းစိုပြည် သာယာလှပရေးလုပ်ငန်းနှင့် လိုဏ်ဂူသိမ်တော်ကြီး မွမ်းမံပြင်ဆင်မှုလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။ (သတင်းစဉ်)

မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီစည်းဝေး

ရန်ကုန် ဧပြီ ၂၂

မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက မြန်မာ–တရုတ် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ စာချုပ်ချုပ်ဆိုထားမှုများအပေါ် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အဖွင့်အမှာစကားပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကော်မတီဝင်များက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ်စကား ပြောကြားကာ အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၂၂

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် အာရှလူထုဆက်သွယ်ရေး ထိပ်သီးညီလာခံ(၂၀၀၄) သို့ တက်ရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်သည်။ **(ယာပုံ)**

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနလုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူး(သံစုံတီးဝိုင်း)ဦးဝင်းအောင်နှင့် ဦးစီးအရာရှိ(ထုတ်လွှင့်) ဒေါ်ဆန်းဆန်းဦးတို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

မှာကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၄) တတိယနေ့တွင် တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား မှာကြားစဉ်။ (သတင်းစဉ်)

☆ **မန္တလေး-မုံရွာမှ**

များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

တင်ပြညှိနှိုင်း

အစည်းအဝေးရက်များတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအလိုက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များက ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများအလိုက် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်ရေး၊ သတ်မှတ်ထားသော ဒီဇိုင်းများနှင့်အညီ မော်တော်ယာဉ် ထုတ်လုပ်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး စက်မှုလက်မှုလုပ်ငန်းရှင်များကလည်း လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် စက်မှုဇုန်အလိုက် ဖြစ်ပေါ်နေမှုအခြေအနေများ၊ အင်ဂျင်နှင့် ဂီယာအုံထုတ်လုပ်ရေးအတွက် ပြင်ဆင်နေမှုများ၊ မော်တော်ယာဉ်ထုတ်လုပ်ရေး၌ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ဆွေးနွေးတင်ပြညှိနှိုင်းကြသည်။

ဆွေးနွေးမှာကြား

နောက်ဆုံးနေ့အဖြစ် ယနေ့ကျင်းပသည့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၄) တတိယနေ့တွင်လည်း စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်ပြီး ဆွေးနွေးမှာကြားရာ၌ မန္တလေး၊ မုံရွာနှင့် အေးသာယာ စက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံထောင်း စက်မှုလုပ်ငန်း ပေါ်ထွက်လာတော့မှာဖြစ်၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အလှည့်အပြောင်းဖြစ်တော့မှာသေချာကြောင်း။

ယင်းသံရည်ကျို စက်မှုလုပ်ငန်း ထူထောင်ရာ၌လည်း နိုင်ငံတော်အပိုင်း၏ ကူညီပံ့ပိုးမှုနှင့် အရင်းအနှီးရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အရင်းအနှီးများကို စုစည်းအားယူ၍ ထူထောင်ရခြင်းဖြစ်ကြောင်း။

ထိုနည်းတူစွာပင် ပြည်သူအများစုဖြစ်သော တောင်သူလယ်သမားများ အသုံးများသည့် လယ်ယာသုံး စက်ကိရိယာများ ထုတ်လုပ်သည့် စက်မှုလုပ်ငန်းကိုလည်း စုစည်းပေါင်းစပ်ထူထောင်ရန်လိုကြောင်း၊ လုပ်ကိုင်နိုင်စွမ်းရှိသူများ၊ အရင်းအနှီးရှိသူများကို ဖော်ဆောင်စုစည်းရမှာဖြစ်ကြောင်း။

ယခုဆိုလျှင် မော်တော်ယာဉ် ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၌ ပုဂ္ဂလိကများ၏ အရင်းအနှီးစုစည်းမှု၊ အတတ်ပညာစုစည်းမှုတို့သည် ပုံပေါ်လာနေပြီဖြစ်ကြောင်း။

ရေရှည်ခိုင်မာဖွံ့ဖြိုး

ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လုပ်ကိုင်နိုင်စွမ်းရှိပြီး အရင်းအနှီးရှိသူများ၏ ပူးပေါင်းအားထုတ်မှုအားဖြင့် စက်မှုကဏ္ဍ၏ ကုန်ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မှသာ ရေရှည်ခိုင်မာဖွံ့ဖြိုးမှာဖြစ်ကြောင်း။

ပံ့ပိုးကူညီ

သုံးစွဲသူများအတွက်လည်းအကျိုးရှိ၊ ထုတ်လုပ်သူများအတွက်လည်း အကျိုးဖြစ်၊ နိုင်ငံတော်၏ စက်မှုလုပ်ငန်းလည်း ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းကြောင်းကို နိုင်ငံတော်အပိုင်းက ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပံ့ပိုးကူညီပုံဖော်လိုကြောင်း၊ ဥပမာ လက်တွန်းထွန်စက်များ ထုတ်လုပ်ရာ၌ လိုအပ်သည့်အင်ဂျင်နှင့် ဂီယာအုံများအပါအဝင် စက်ပစ္စည်းကိရိယာ အများစုကို ပြည်တွင်းမှ ပင်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းရာ၌ ထိုက်ထိုက်တန်တန် ပံ့ပိုးကူညီပေါင်းစပ်ပေးလိုကြောင်း၊ အရေးကြီးသည်မှာ တီထွင်ကြံဆမှု၊ အားထုတ်ကြိုးပမ်းမှု၊ ညီညီညွတ်ညွတ်ပူးပေါင်းမှုတို့ဖြင့် စက်မှုဇုန်အလိုက် အလုပ်လုပ်ကြရန်ဖြစ်ကြောင်း။

သွက်လက်ထက်မြက်စွာလုပ်ကိုင်

၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ မြန်မာ့စက်မှုလက်မှု အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်ကို မျက်ခြည်မပြတ်စေဘဲ သွက်လက်ထက်မြက်စွာ လှုပ်ရှားလုပ်ကိုင်သွားကြစေလိုကြောင်း၊ သို့မှသာ နိုင်ငံတော်၏ အနာဂတ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်းဖြင့် မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိ ဟိုတယ်များ အဆင့်အတန်း သတ်မှတ်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့ရှိ ဟိုတယ်များ၏ အဆင့်အတန်း သတ်မှတ်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစီအစဉ်အရ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ဟိုတယ်များ အဆင့်သတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေး ပြောကြားသည်။

အကြံပြု

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသော ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်လုပ်ငန်းရှင်များ အသင်းတို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရာနှုန်းပြည့် ဟိုတယ်များ ကိုယ်စား Myanmar Marketing Committee ဥက္ကဋ္ဌ၊ Mr. Raymond Bragg က လည်းကောင်း၊ ရန်ကုန်မြို့ရှိ အခန်း ၄၀ အထက်ရှိ ဟိုတယ်များ၊ အခန်း ၄၀ အောက်ရှိ ဟိုတယ်များနှင့် အခန်း ၂၀ အောက်ရှိ ဟိုတယ်များမှလုပ်ငန်းရှင်များကလည်းကောင်း၊ ဟိုတယ်များအား အပြည်ပြည်ဆိုင်ရာ သတ်မှတ်လေ့ရှိသော စနစ်ကဲ့သို့ ကြယ်ပွင့်ဖော်ပြ အဆင့်သတ်မှတ်နိုင်ရေး၊ ဒုတိယအဆင့်အနေဖြင့် ဈေးနှုန်းများကိုပါ သတ်မှတ်နိုင်ရေးတို့ကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဒုတိယဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်းက ဆောင်ရွက်ရန်ကိစ္စများကိုရှင်းလင်းပြောကြားကာ ဟိုတယ်များ အဆင့်သတ်မှတ်ရေးကိစ္စကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၀၄ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၅ ၆။ ကြေးမုံရုပ်သွင်တေးနှယ်ဉ်
- ၈:၁၅ ၇။ ရုပ်သေးကြိုးဆွဲပြိုင်ပွဲ
- ၈:၂၀ ၈။ ရွှေလီတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ English for Everyday Use.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ၊ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅:၁၀ ၆။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၅ ၈။ တေးဂီတအစီအစဉ်
- ၅:၅၀ ၉။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
- ၆:၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
- ၆:၁၀ ၁၁။ ဖောင်းကတောရေလှောင်တမံ
- ၆:၂၀ ၁၂။ Discovery.
- ၆:၃၀ ၁၃။ ညနေခင်းသတင်း
- ၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၁၆)**
- ၇:၃၅ ၁၆။ တေးဂီတအစီအစဉ်
- ၇:၄၅ ၁၇။ ဖွံ့ဖြိုးသာယာ မင်းကုန်းကျေးရွာ
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း အမေမပြောလိုတဲ့ အိပ်ရာဝင်ပုံပြင် (ကျော်ရဲအောင်၊ဇင်ဝိုင်း၊ အောင်ခိုင်၊ဆုပန်ထွာ၊ မျိုးသန္တာထွန်း၊မေသဥ္ဇာဦး) (ဒါရိုက်တာ-ရိုးရိုး)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

✧ **ဒဂုံမြို့သစ်(တောင်ပိုင်း)မှ**

ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်းတို့က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆) ရပ်ကွက် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုးစက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့်အဖွဲ့သည် ကိုယ့်အားကိုယ်ကိုးစက်ရေတွင်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဆိုပါ စက်ရေတွင်းအနီး ယာယီမဏ္ဍပ်၌ အခမ်းအနား ဒုတိယပိုင်း အစီအစဉ်များကိုကျင်းပရာ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးက ကိုယ့်အားကိုယ်ကိုးစက်ရေတွင်းဖြစ်ပေါ်လာရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်လျက်ရှိသည့် ပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကား

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဦးစိုးယုက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆) ရပ်ကွက်၌ ကိုယ့်အားကိုယ်ကိုး စက်ရေတွင်း ဖွင့်လှစ်ပေးမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇော်ဦးက တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများအား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုးစက်ရေတွင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရေဂါလန် ၁၆၀၀

ယနေ့ဖွင့်လှစ်သည့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၆)ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းသည် အနက်ပေ ၃၂၀ ရှိ လေးလက်မပိုက်အရွယ် အဝီစိတွင်းဖြစ်ပြီး မြင်းကောင်ရေ ၁၃ကောင်ရှိ ဒီဇယ်အင်ဂျင်တပ်ဆင်ထားပြီး တစ်နာရီ ရေဂါလန် ၁၆၀၀ရရှိကာ အိမ်ခြေ ၂၃၀ကို ရေပေးဝေနိုင်ကြောင်း သိရှိရသည်။

မင်းရဲကျော်စွာလမ်း

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် မင်းရဲကျော်စွာလမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)ဌာနမှ စက်ယန္တရားကြီးများဖြင့် လမ်းပြုပြင် ကတ္တရာခင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးက မင်းရဲကျော်စွာလမ်း ကတ္တရာလမ်းအသစ် ထပ်မံခင်းပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မင်းရဲကျော်စွာလမ်းသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ကိုဖြတ်၍ မြို့ပတ်လမ်းမကြီးအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းမကြီးဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)ဌာနက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း အရှည်လေးမိုင်ခန့်ကို ကတ္တရာလမ်းခင်းခြင်း အမြန်ပြီးစီးရေးဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးဖေသန်း သိမ်ဖြူသင်္ဘောကျင်း စစ်ဆေး

ရန်ကုန် ဧပြီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းသည် ယနေ့နံနက်ပိုင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သိမ်ဖြူသင်္ဘောကျင်းသို့ရောက်ရှိပြီး ရေယာဉ်ပြင်ဆင်မှု၊ အသစ်တည်ဆောက်မှုများကို အရည်အသွေးပြည့်မီစွာနှင့် သတ်မှတ်ချိန်ထက် စော၍ပြီးစီးစေရန်၊ စက်မှုကုန်ထုတ်လုပ်မှုအား ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းခွင်တွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း အမ်းမြို့နယ်နယ်မြေခံ တပ်ရင်းမိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အမ်းမြို့မှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များအား တွေ့ဆုံ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ထိထိရောက်ရောက် တိုးတက်အောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၂၂

ရခိုင်ပြည်နယ် အမ်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧပြီ ၂၀ ရက် နံနက် ၈နာရီတွင် အမ်းရိုးမခန်းမ၌ အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်နှင့် အမ်းတပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် အမ်းမြို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ အစည်းအဝေးခန်းမ၌ အမ်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ အမ်းတပ်နယ်မှ ဗိုလ်မှူးကြီးမြတ်ဆွေ၊ အမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များ၊ အမ်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက ရှင်းလင်းတင်ပြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် အမ်းမြို့နယ်သည် စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိုးစပါးဧက ၃၅၀၀၀ ကျော်စိုက်ပျိုးပြီး သီးထပ်စိုက်ပျိုးမှုလျော့နည်းနေသေးသည်ဖြစ်ရာ ပိုသော စိုက်ပျိုးမြေများတွင် နွေစပါး၊ပဲအမျိုးမျိုးနှင့် အခြားသီးနှံများကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် သီးထပ်စွမ်းအားကို မြှင့်တင်ရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ကြရာတွင် စီမံချက်ရေးဆွဲပြီး မြို့နယ်အတွင်းရှိဌာနဆိုင်ရာများက ဝိုင်းဝန်းညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်က အဓိကသီးနှံ ၁၀ မျိုး သတ်မှတ်ထားရာ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့်ဒေသနှင့်ကိုက်ညီသော သီးနှံများ တိုးချဲ့စိုက်ပျိုးရေး တွန်းအားပေး ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဆီထွက်သီးနှံစိုက်ပျိုးမှုကို ယခုထက်ပိုမို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ထို့အတူ နှစ်ရှည်ပင်များတွင် သီဟိုဠ်နှင့် သစ်ဆိမ့်တို့ကိုလည်း တိုးချဲ့ စိုက်ပျိုးကြရန်လိုကြောင်း၊ ရခိုင်ပြည်နယ်သည် ငရုတ်ကောင်းစိုက်ပျိုးဖြစ်ထွန်းသော ဒေသဖြစ်သဖြင့် အောင်မြင်အောင် တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ရေချိုငါးမွေးမြူရေးလုပ်ငန်းကို ယခုထက် အထွက်တိုးအောင် ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် စပါးစိုက်ပျိုးသည့် လယ်မြေကို မထိခိုက်စေဘဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အပြင် မိသားစုတစ်စုချင်းစီ၏ ဝင်ငွေတိုးတက်ရရှိရေးနှင့် စားသုံးမှုဖူလုံစေရေးအတွက်ဒေသကြက်မွေးမြူရေးကို တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်မွေးမြူသည်အထိ ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

ဝိုင်းဝန်းဆောင်ရွက်

နိဂုံးချုပ်အနေဖြင့် မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဖွဲ့စည်းထားသည့် ကော်မတီများက လုပ်ငန်းများကို ထိထိရောက်ရောက်တိုးတက်အောင် ဆောင်ရွက်ကြပြီး ကျေးလက်အောက်ခြေအထိ ဆင်းကာ ပြည်သူများနှင့် ပူးပေါင်း၍ ဝိုင်းဝန်း ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် အမ်းမြို့ မြို့ရှောင်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် အမ်းလေဆိပ်သို့ရောက်ရှိကြပြီး မြန်မာ့လေကြောင်းလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ညှော်လမ်းညွှန်အခြေခံ သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၂

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဌာနသည်ဧည့်လမ်းညွှန်အခြေခံသင်တန်း အမှတ်စဉ်(၃၂)ကို ဧပြီ ၂၇ရက်တွင် ဖွင့်လှစ်ရန်စီစဉ်လျက်ရှိသည်။

အဆိုပါသင်တန်းသို့ တက်ရောက်ရန် အင်္ဂလိပ်စာအခြေခံရေးဖြေဆန်းစစ်ခြင်းစာမေးပွဲအောင်မြင်ပြီး သင်တန်းသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို အမှတ်(၄၀) ဗိုလ်ဆွန်ပက်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန သင်တန်းကျောင်း၌ ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ သင်တန်းတက်ရောက်မည့်သူများသည် ဧပြီ ၉ရက်မှ စ၍ ဧပြီ ၂၆ရက် နောက်ဆုံးထားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၌ စာရင်းပေးသွင်းရမည်ဖြစ်သည်။

(သတင်းစဉ်)

ကျိုင်းတုံ–မိုင်းခုတ်–မိုင်းဆတ်လမ်းဖောက်လုပ်မှု တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၅ ရက် နံနက်ပိုင်းက အေးရှားဝေါလ်ကုမ္ပဏီမှ တာဝန်ယူဖောက်လုပ်လျက်ရှိသည့် ကျိုင်းတုံ–မိုင်းခုတ်–မိုင်းဆတ်လမ်း ဖောက်လုပ်နေမှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်ယန္တရားကြီးများဖြင့် မြေသားလမ်းချဲ့ထွင်ဆောင်ရွက်နေမှုနှင့် ကျောက်ခင်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တိုင်းမှူးက တာဝန်ရှိသူများအား လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ လမ်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဖောက်လုပ်ရေး ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၁၁၂မိုင် ရှည်လျား

အဆိုပါကျိုင်းတုံ–မိုင်းခုတ်–မိုင်းဆတ်လမ်းသည် ကျိုင်းတုံမှ မိုင်းခုတ်အထိ ၇၄ မိုင်၊ မိုင်းခုတ်မှ မိုင်းဆတ်အထိ ၃၈ မိုင် စုစုပေါင်း ၁၁၂ မိုင်ရှည်လျားပြီး အေးရှားဝေါလ်ကုမ္ပဏီက ၂၀၀၂ခုနှစ် ဧပြီ ၂၆ရက်မှစတင်ဖောက်လုပ်ခဲ့ရာ အကျယ်ပေ ၃၀ ရှိသော မြေသားလမ်း ၉၄ မိုင် ဖောက်လုပ်နိုင်ခဲ့ပြီး မြေသားလမ်း ၃၉ မိုင်ကို ကျောက်ခင်းပြီးဖြစ်သည်။

လမ်းတစ်လျှောက်တွင် အရှည်ပေ ၂၀ အောက်တံတား ပေါင်း ၂၉ စင်း ဆောက်လုပ်ရန် လျာထားရာ တံတားအစင်း ၂၀ ဆောက်လုပ်ပြီးစီးပြီး ကျန်တံတား ကိုးစင်းကို ဆက်လက်ဆောက်လုပ်လျက်ရှိသည်။ ချောင်းငယ်၊ မြောင်းငယ်များအား ဖြတ်သန်းမှုအတွက် Pipe Culvert ၅၃ ခု၊ Box Culvert ရှစ်ခုတို့ကို တည်ဆောက်ပြီးခဲ့ပြီး ကျန်ရှိသော Box Culvert ၁၁၇ ခုကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိသည်။

(သတင်းစဉ်)

(၁၈၄)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုဖွင့်ပွဲ မေ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် မေ ၂၂

(၁၈၄)ကြိမ်မြောက် ငွေကျပ် ၅၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို မေ ၁ရက် နံနက် ၉နာရီတွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀တန်ထီ (၁၈၄)ကြိမ်မြောက်တွင် အက္ခရာ ၃၄လုံး၊ ထီစာအုပ် ၂၇၈၁၈၁၂အုပ်ကို ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင်ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၃၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀ဆု ၂၉ဆု၊ ငွေကျပ် ၂၅သိန်းဆု ၁၅ဆု၊ ငွေကျပ် ခြောက်သိန်းဆု ၅၉၄ဆု၊ ငွေကျပ်ငါးသိန်းဆုနှစ်ဆု၊ ငွေကျပ်လေးသိန်း လေးဆု၊ ငွေကျပ် နှစ်သိန်းဆု ၁၆ဆု၊ ငွေကျပ်တစ်သိန်းဆု ၁၆၂ဆု၊ ငွေကျပ်ရှစ်သောင်း ၂၆ဆု၊ ငွေကျပ်ငါးသောင်း ၁၆၂၀ဆု၊ ငွေကျပ်လေးသောင်း ၄၇ဆု၊ ငွေကျပ်နှစ်သောင်း ၃၃၄ဆု၊ ငွေကျပ် တစ်သောင်း ၁၆၂၀၀ဆု စုစုပေါင်း ၁၉၀၅၀ဆုဖြစ်သည်။

ယခု(၁၈၄)ကြိမ်မြောက် ငွေကျပ် ၅၀တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို မေ ၇ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်သည်။

(သတင်းစဉ်)

အရည်အချင်းပြည့်ဝသော သားကောင်းတမန်များဖြစ်စေရန် ရည်ရွယ် နိုင်ငံခြားရေးနှင့်ပတ်သက်သည့် ဆောင်းပါးများကို ရွေးချယ်တင်ပြထား

ရန်ကုန် ဧပြီ ၂၂

မြန်မာနိုင်ငံသည် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် နိုင်ငံတော်ကချမှတ်လက်ခံထားသည့် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို မဏ္ဍိုင်ပြုလျက် လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးအကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတကာနှင့်ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမည်ဆိုသည့် မူဝါဒနှင့်အညီ ကမ္ဘာ့နိုင်ငံများနှင့်ချစ်ကြည် ရင်းနှီးမှုကို ဆက်လက်စောင့်ထိန်းသွားရန်နှင့် ရည်မှန်းထားသော ဒီမိုကရေစီပန်းတိုင်သို့ ရောက်ရှိရေးအတွက် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

"ဒီမဂ္ဂဇင်းမှာပါတဲ့ ဆောင်းပါးတွေဟာ နိုင်ငံခြားရေးဝန်ထမ်းတွေအတွက် ပညာဗဟုသုတရစေရုံသာမကဘဲ နိုင်ငံတကာရေးရာကို ဝါသနာပါသူ စာဖတ်ပရိသတ်အတွက်လည်း ဗဟုသုတရစေမှာ ဖြစ်ပါတယ်"

ဦးတင့်တယ်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံခြားရေးဝန်ကြီးဌာန။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)။

နိုင်ငံခြားရေးမူဝါဒများကို အောင်မြင်အောင် အကောင်အထည်ဖော်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များသည် များစွာအောင်မြင်လျက်ရှိပေသည်။

ထိုသို့နိုင်ငံခြားရေးဝန်ကြီးဌာနမှ အောင်မြင်လျက်ရှိသော လုပ်ငန်းဆောင်ရွက်ချက်များကို ပိုမိုထိရောက် အောင်မြင်စေရန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော သံတမန်ရေးရာကိစ္စရပ်များကို လေ့လာသိရှိလိုသော ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စာပေဝါသနာရှင်များနှင့် ကျောင်းသူ၊ ကျောင်းသားများ လေ့လာသိရှိနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ထမ်းများ စုပေါင်းထုတ်ဝေသည့် **"သားကောင်းတမန် မဂ္ဂဇင်း"** ၂၀၀၄ ခုနှစ်ကို ထုတ်ဝေခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် စာစောင်ကို ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ သို့သော် ၁၉၉၈ ခုနှစ်တွင် စာစောင်ထုတ်ဝေခြင်း မရှိခဲ့ပေ။ ၁၉၉၉ ခုနှစ်မှ စတင်ကာ **"သားကောင်းတမန်"** မဂ္ဂဇင်းကို နှစ်စဉ်ထုတ်ဝေခဲ့သည်မှာ ယခုနှစ်တိုင် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရှေ့တန်းကမားမားမတ်မတ်ရပ်တည်ကာ သံတမန်ရေးရာ နည်းပရိယာယ်နှင့် ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများဖြစ်သည့် သံတမန်များ၏ တာဝန်ဖြစ်ပေသည်။ ယင်းသို့တာဝန်များကို ထမ်းဆောင်ရာတွင် သိက္ခာ၊ သမာဓိနှင့်ပြည့်ဝပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အရည်အချင်းပြည့်ဝသော သားကောင်းတမန်များဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် သားကောင်းတမန်မဂ္ဂဇင်းကို ထုတ်ဝေခဲ့ခြင်း ဖြစ်ပေသည်။

၂၀၀၄ ခုနှစ် သားကောင်းတမန်မဂ္ဂဇင်းထုတ်ရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင့်တယ်ကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုကျော်ကလည်းကောင်း ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် အခြားဝန်ထမ်းများဖြင့် ပါဝင်ဖွဲ့စည်းထားခဲ့သည်။

ထို့ကြောင့် ကြေးမုံသတင်းအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်ကာ မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ် ဦးတင့်တယ်၊ မဂ္ဂဇင်းအတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်လွင်နှင့် တွဲဖက်အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်ဦးတို့အား ဒဂုံမြို့နယ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တွေ့ဆုံခဲ့သည်။

"သားကောင်းတမန်" မဂ္ဂဇင်းကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးတင့်တယ်က "ဒီမဂ္ဂဇင်းထဲမှာကတော့ အဓိကနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများရဲ့ နိုင်ငံတကာအတွေ့အကြုံတွေ၊ ပြည်တွင်းအတွေ့ အကြုံတွေ၊ နိုင်ငံခြားရေးနှင့်ပတ်သက်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တွေ၊ ခရီးသွားအတွေ့အကြုံတွေကို စာဖတ်သူများ မျှဝေခံစားနိုင်အောင် တင်ပြထားတဲ့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာတွေကို ရွေးချယ်ထားပါတယ်။ အဲဒီလိုရွေးချယ်ထားတဲ့ စာမူတွေထဲမှာ ပြင်ပစာပေပညာရှင်များနှင့်အတူ သံတမန်ရေးရာ အတွေ့အကြုံရင့်ကျက်တဲ့ နိုင်ငံခြားရေးဝန်ကြီးများနှင့် သံအမတ်ကြီးများရဲ့ ဆောင်းပါးတွေကိုလည်း ရွေးချယ်တင်ပြထားပါတယ်။ ဒါကြောင့် ဒီမဂ္ဂဇင်းမှာပါတဲ့ ဆောင်းပါးတွေဟာ နိုင်ငံခြားရေးဝန်ထမ်းတွေအတွက် ပညာဗဟုသုတရစေရုံသာမကဘဲ နိုင်ငံတကာရေးရာကို ဝါသနာပါသူ စာဖတ်ပရိသတ်အတွက်လည်း ဗဟုသုတရစေမှာ ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေး သင်တန်းသားတွေအတွက်လည်း ပညာရကြမှာ ဖြစ်ပါတယ်။

ရှင်းပြ

မဂ္ဂဇင်းကော်မတီအတွင်းရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်လွင်က မဂ္ဂဇင်းတွင်ပါဝင်သည့် ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာများအကြောင်းကို ကြေးမုံသို့ ရှင်းပြစဉ်။ ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)။

ကျွန်တော်တို့ အခု မဂ္ဂဇင်းထဲမှာပါဝင်တဲ့ ဆောင်းပါးတွေ ရွေးချယ်တဲ့နေရာမှာ အဓိကကတော့ နိုင်ငံခြားရေးနှင့် ဆက်စပ်နေတဲ့ ဆောင်းပါးတွေကိုပဲ ရွေးချယ်ပါတယ်။ ဘာကြောင့် ဒီလိုရွေးချယ်ရသလဲဆိုတော့ ကျွန်တော်တို့ မဂ္ဂဇင်းကိုဖတ်တဲ့ ပြင်ပစာဖတ်ပရိသတ်တစ်ယောက်အနေနဲ့ဖြစ်စေ၊ အခြားဌာနဆိုင်ရာ ဝန်ထမ်းတစ်ယောက်အနေနဲ့ဖြစ်စေ၊ ဒါမှမဟုတ် ကျောင်းသား၊ ကျောင်းသူတစ်ယောက်အနေနဲ့ပဲဖြစ်စေ၊ မဂ္ဂဇင်းကို မဖတ်ခင်ကတည်းက ကျွန်တော်တို့မဂ္ဂဇင်းကိုဖတ်ရင် နိုင်ငံခြားအတွေ့အကြုံဗဟုသုတတော့ ရမှာပဲဆိုတဲ့ မျှော်လင့်ချက်ထားကြမှာပါပဲ။ ဒါကြောင့်မို့လည်း ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ နိုင်ငံခြားရေးနှင့် ဆက်စပ်နေတဲ့ ဆောင်းပါးတွေကိုသာ ဦးစားပေးရွေးရခြင်းဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော်တို့ မဂ္ဂဇင်းကိုဖတ်တဲ့သူတွေအနေနဲ့ ပြင်ပမဂ္ဂဇင်းကို ဖတ်သလို အပျင်းပြေသဘောထားပြီး ဖတ်လို့တော့မရပါဘူး။ နိုင်ငံတကာဆက်ဆံရေးကို သိလိုတဲ့သူတွေ၊ သံတမန်တို့ရဲ့ အတွေ့အကြုံကို လေ့လာလိုတဲ့သူတွေ အနေနဲ့ကတော့ အတွေ့အကြုံဗဟုသုတတွေ အများကြီးရစေမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ သားကောင်းတမန် မဂ္ဂဇင်းကို မြန်မာလိုဖတ်မှတ်၊ လေ့လာလိုချင်သူတွေကိုရော အင်္ဂလိပ်လို ဖတ်မှတ်လေ့လာချင်သူတွေကိုရော၊ ဖတ်မှတ်လေ့လာနိုင်ဖို့ မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာနှင့် ထုတ်ဝေထားပါတယ်"ဟု ကြေးမုံသို့ ရှင်းပြခဲ့သည်။

ထို့နောက် ကြေးမုံသတင်းအဖွဲ့သည် မဂ္ဂဇင်းကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးအေးကျော်လွင်နှင့် တွေ့ဆုံကာ မေးမြန်းခဲ့သည်။ ဦးအေးကျော်လွင်က "ကျွန်တော်တို့ ဒီနှစ်ထုတ်ဝေတဲ့ သားကောင်းတမန် မဂ္ဂဇင်းဟာဆိုရင် စာဖတ်သူများအတွက် ကဏ္ဍစုံ၊ အကြောင်းအရာစုံအောင် စီစဉ်ထားပါတယ်။ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ကာတွန်းကဏ္ဍတို့အပြင် ဝန်ထမ်းများအနေနဲ့ နိုင်ငံရပ်ခြားမှာ တွေ့ကြုံခဲ့ရတဲ့ အောက်မေ့ဖွယ်ရာ အဖြစ်အပျက်ကလေးများကိုဖော်ပြတဲ့ **ရပ်ဝေးမြေခြား အောက်မေ့ဖွယ်ရာများ**ဆိုတဲ့ ကဏ္ဍကိုလည်း ထည့်သွင်းထားပါတယ်။

ဆောင်းပါးကဏ္ဍမှာ ကြည့်မယ်ဆိုရင် မောင်ခြိမ့် (သာဂရ)ရဲ့ "ဒီမိုကရေစီပန်းတိုင်၊ ဒီမိုကရေစီခရီး၊ ကျွန်တော့အမြင်" ဆောင်းပါးမှာဆိုရင်လည်း ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၈ ခုနှစ်ကစပြီး လျှောက်လှမ်းခဲ့တဲ့ ဒီမိုကရေစီလမ်းကြောင်းကို ယနေ့အချိန်ထိ မှတ်သားဖွယ်ရာ လေ့လာတင်ပြထားပါတယ်။ နောက်တစ်ပုဒ်ကတော့ စည်သူငြိမ်းအေးရဲ့ "ဒီမိုကရေစီဆိုတာအလွယ်လေးလား"ဆောင်းပါးပါပဲ။ **ယခုအခါ ဒီမိုကရေစီဟူသည်မှာ လောကကျင့်ဝတ်တစ်ရပ်သဖွယ် ဖြစ်လာ၏။ Democratic noms Democratic rights ဟူသော စကားလုံးများအသုံးများ၏။**

မဂ္ဂဇင်းကော်မတီတွဲဖက်အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်ဦးက စာမူများရွေးချယ်မှုနှင့် ပတ်သက်ပြီး ကြေးမုံသို့ ရှင်းပြစဉ်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)။

သတင်းဆောင်းပါး-ဌေးကြည်
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)

သို့သော်လူတိုင်းက လက်ခံလာကြသည်မှာ ဒီမိုကရေစီသည် တာဝန်သိတတ်မှု၊ ဥပဒေလိုက်နာ ထိန်းသိမ်းမှုနှင့် ကင်းကွာ၍မရခြင်းပင်ဖြစ်၏လို့ ဖော်ပြထားပါတယ်။ အဲဒီဆောင်းပါးကလည်း လူငယ်များလေ့လာဖတ်ရှုသင့်တဲ့ ဆောင်းပါးတစ်ပုဒ်ပါပဲ။



သားကောင်းတမန် မဂ္ဂဇင်း
မျက်နှာဖုံး

၂၀၀၄ ခုနှစ် နိုင်ငံခြားရေးဝန်ကြီးဌာန နှစ်ပတ်လည်မဂ္ဂဇင်းအဖြစ် ထုတ်ဝေလိုက်သည့် သားကောင်းတမန်မဂ္ဂဇင်းမျက်နှာဖုံးကို တွေ့ရစဉ်။
ဓာတ်ပုံ-အောင်မိုး(ကြေးမုံ)။

ကျွန်တော်တို့အနေနဲ့ ဒီ **သားကောင်းတမန်** မဂ္ဂဇင်းကို မြန်မာနိုင်ငံမှာသာ မဟုတ်ပါဘူး။ နိုင်ငံတကာ မှာရှိတဲ့ မြန်မာသံရုံးများရှိ ဝန်ထမ်းများရော၊ မြန်မာနိုင်ငံသားများပါ ဖတ်နိုင်အောင် ရောင်းချပေးပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

ကြေးမုံသတင်းအဖွဲ့သည် မဂ္ဂဇင်းကော်မတီ၏ တွဲဖက်အတွင်းရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်ဦးကိုလည်း သွားရောက်တွေ့ဆုံကာ မဂ္ဂဇင်းတွင်အသုံးပြုသည့် စာမူများရွေးချယ်မှုနှင့် ပတ်သက်ပြီး မေးမြန်းခဲ့သည်။ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်ဦးက "သားကောင်းတမန်မဂ္ဂဇင်းမှာ ပါဝင်တဲ့စာမူ များကို ရွေးချယ်ရာမှာတော့ ပြင်ပက စာရေးဆရာကြီးများ၊ ကဗျာဆရာကြီးများ၊ ကာတွန်းဆရာကြီးများရဲ့ စာမူများကို ရွေးချယ်သလိုပဲ၊ ကျွန်တော်တို့ဌာနတွင်းက ဝန်ကြီး၊ ဒုတိယဝန်ကြီးကစပြီး အောက်ခြေက ဝန်ထမ်းကလေးများပါ ပါဝင်နိုင်အောင် စိစစ်ရွေးချယ်ခဲ့ပါတယ်။ စာမူအားလုံးကိုတော့ မရွေးချယ်နိုင် ခဲ့ပါဘူး။ ဒါကလည်း နေရာအခက်အခဲကြောင့် ဖြစ်ပါတယ်။

စာမူရွေးချယ်တဲ့နေရာမှာလည်း ညွှန်ကြားရေးမှူးချုပ်တစ်ဦးနဲ့ စာတည်းအဖွဲ့ကနေပြီး ဦးဆောင်ရွေးချယ်တာ ဖြစ်ပါတယ်။ ဒီ **"သားကောင်းတမန်မဂ္ဂဇင်း"**ဟာ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ မဂ္ဂဇင်းတစ်စောင် ဆိုသော်လည်း တစ်ဦးကောင်း၊ တစ်ယောက်ကောင်းကြောင့် ထွက်လာတာမဟုတ်ပါဘူး။ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းအားလုံးရဲ့ စုပေါင်းအားကြောင့် ထွက်ပေါ်လာတဲ့ စာအုပ်ဖြစ်တယ်လို့ ပြောကြားလိုပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။ ။

(ကြေးမုံ)

စံပြမူကြို ဆရာဖြစ်သင်တန်း အပတ်စဉ်(၅) ဖွင့်ပွဲကျင်းပ ဝန်ကြီး ဦးသန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၂၂

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ စံပြမူကြို ဆရာဖြစ်သင်တန်းအပတ်စဉ်(၅) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ရုပ်ရှင်ခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးကြီးအောင်မျိုးမင်းနှင့် ဦးမျိုးညွန့်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်အဖွဲ့များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဥက္ကဋ္ဌ၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ကထိကများ၊ ဖိတ်ကြားထားသူများ၊ စံပြမူကြိုဆရာဖြစ်သင်တန်း ကြီးကြပ်ရေး ကော်မတီဝင်များ၊ သင်တန်း နည်းပြများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က စံပြမူကြို ဆရာဖြစ်သင်တန်း ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းကို ယနေ့မှစ၍ မေ ၁၅ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၁၅ဦး တက်ရောက်သည်။

(သတင်းစဉ်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၂၂

သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ဘုရင့်နောင်လမ်းမ သစ်တောဦးစီးဌာန တော်ဝင်ခန်းမ၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ အထူးအရာရှိများ၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွင် အဓိကပါဝင်မည့် ခရိုင်ရှစ်ခရိုင်နှင့် မြို့နယ် ၃၁မြို့နယ်မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းညွှန်ကြားရေးမှူးက ခရိုင်နှင့်မြို့နယ်များအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ သက်ဆိုင်ရာ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးများက ခရိုင်အလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းစီမံချက် အသေးစိတ်ကိုလည်းကောင်း ညှိနှိုင်းရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ခရိုင် စာရေးဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၅/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ရက် နံနက် ၈နာရီတွင် ပေါင်းတည်မြို့ အခြေခံပညာအထက်တန်းကျောင်း "ပညာရတနာ"ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း)အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူးဦးဖေသန့်၊ ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်း၊ ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမြို့နယ်အုပ်ချုပ်ရေးမှူးဦးမောင်မောင်သက်နှင့် ဒုတိယဦးစီးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွဲဖက် တိုင်းအုပ်ချုပ်ရေးမှူး ဦးဖေသန့်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးဘဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ဖြစ်သည်။

(သတင်းစဉ်)

ဆေးခြောက်နှင့်ဘိန်းဖြူများ ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၂၂

နယ်မြေခံ ထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် မင်္ဂလာဒုံရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ခုနှစ် မတ် ၂၃ရက်တွင် သတင်းအရ မင်္ဂလာဒုံမြို့နယ် ဝိုင်ယာလက်ကားမှတ်တိုင်တွင် ကျိုက်ထိုနှင့် ရန်ကုန်ပြေးဆွဲနေသော ဝင်းရတနာ မှန်လုံယာဉ်အား စစ်ဆေးရာ ခရီးသည် လုထွန်း(ခ)ဆူးကြီး၏ ကျောပိုးအိတ်အတွင်းမှ ဆေးခြောက် ၁ ဒသမ၄၆၈၇ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မင်္ဂလာဒုံမြို့နယ် အပိုင်း(၁၁) ပေါက်ကုန်း ကံကော်လမ်း အမှတ်(၃၁) နေ ဦးအေးမောင်၏သား လုထွန်း(ခ)ဆူးကြီးအား မင်္ဂလာဒုံရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၀(က)အရ အမှုဖွင့် အရေးယူထားသည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် လားရှိုး မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၄ခုနှစ် မတ်၂၄ရက်တွင် သတင်းအရ လားရှိုးမြို့ ရပ်ကွက်(၂)ဗိုလ်ချုပ်လမ်းရှိ လက်ဖက်ရည်ဆိုင်၌ တွေ့ရှိရသူ ဒေါ်ရန်ကွေချိအားရှာဖွေရာ ၎င်းပိုင်ခေါက်ဆွဲခြောက်ထည့်ထားသည့် စက္ကူပုံးနှစ်ပုံးအတွင်းမှဘိန်းဖြူဆပ်ပြာခွက် ၄၀ စုစုပေါင်းအလေးချိန် ၆၆၉ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ လားရှိုးမြို့ ရပ်ကွက်(၅)နယ်မြေ(၁၈) နမ့်စန်လမ်းနေ ဦးရန်ရှောက်ပေါက်၏သမီး ဒေါ်ရန်ကွေချိနှင့် ကွင်းဆက်တရားခံ လားရှိုးမြို့ ရပ်ကွက်(၆) နယ်မြေ(၉)နေ ဦးလောင်ရှန်၏သား ယုန်ဖင့်တို့နှစ်ဦးအား လားရှိုးမြို့ အမှတ်(၁)ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၃၇/၂၀၀၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉(က)/၂၁အရ အမှုဖွင့်အရေးယူထားသည်။ (သတင်းစဉ်)

တရားခံ လုထွန်း(ခ)ဆူးကြီးအား သက်သေခံ ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

(သတင်းစဉ်)



တရားခံ ယုန်ဖင့်နှင့် မရန်ကွေချိတို့အား သက်သေခံပစ္စည်းများနှင့် အတူ တွေ့ရစဉ်။

(သတင်းစဉ်)

ဗုဒ္ဓါနုဿတိအဓိဋ္ဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံ ဆံတော်ရှင် စေတီတော်အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း အဓိဋ္ဌာန် ကိုးရက်စခန်းပွဲကို ဧပြီ ၂၄ရက်(စနေနေ့)မှ မေ ၂ ရက် (တနင်္ဂနွေနေ့)ထိ ကိုးရက်ကျင်းပမည်ဖြစ်ပြီး နေ့စဉ်နံနက် ၆နာရီခွဲတွင် ဗုဒ္ဓလေးဆူ အောင်တော်မူ အရှင်မြတ်တို့အား ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပူဇော် ကြမည်ဖြစ်ရာ ရပ်နီးရပ်ဝေးဒါယကာ၊ ဒါယိကာမများ အဓိဋ္ဌာန်စခန်း ဆွမ်းတော်ကပ်လှူလိုသူများ ဆွမ်းတစ်ပွဲလျှင် ကျပ် ၃၀၀၀ဖြင့်လည်းကောင်း၊ သာသနာပွဲတစ်ပွဲလျှင် ကျပ် ၅၀၀၀နှင့် အအေးကျပ် ၄၀၀၀ ဖိုးတို့ကို လှူဒါန်းလိုပါက လယ်တီဝိပဿနာကျောင်း ဖုန်း-၀၁-၅၆၀၇၁၀ သို့ စာရင်းပေးသွင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၀၆)

ဥပဒေပညာရပ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

ပထမအပတ်စဉ်မှ ပဥ္စမအပတ်စဉ်အထိ ဥပဒေပညာရပ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲကို ဧပြီ ၂၄ရက် နံနက် ၉နာရီမှ ၁၂နာရီထိ တက္ကသိုလ်ဓမ္မာရုံ၊ တက္ကသိုလ်ရိပ်သာလမ်း ကမာရွတ်မြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဦးတင်ထွန်း ဖုန်း-၂၁၁၆၇၁၊ ဦးဟန်ထူး(ရွှေနေချုပ်ရုံး)၊ ဒေါ်ခင်သန်းမြင့် ဖုန်း- ၅၇၈၀၃၄၊ ဒေါ်ဝေဝေကြည် ဖုန်း-၆၆၀၂၆၀၊ ဦးဇော်ဝင်းလှိုင် ဖုန်း-၅၇၇၈၃၁နှင့် ဦးအေးသောင်း ဖုန်း-၂၄၅၃၈၈တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က-ပ)

နိုင်ငံတော် ဩဝါဒါစရိယ မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် မင်းကျောင်း ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တ သုဝဏ္ဏ၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် စိုင်းလိုင်းရွာ ဦးအုပ်-ဒေါ်လန်းတို့မှ ၁၂၈၀ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်၄ရက် (သောကြာနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၅ခုနှစ်တွင် မကွေးတိုင်း မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် စိုင်းလိုင်းရွာဦးကျောင်း ဆရာတော် ဦးကေသရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ၁၂၉၉ခုနှစ်၊ နတ်တော်လဆန်း၁၅ရက်တွင် လောက်ပုလဲကျောင်းဆရာတော် ဦးဝိသုဒ္ဓကို ဥပဇ္ဈာယ်ပြု၍ လောက်ပုလဲကျောင်း(ဥဒကုက္ခေပသိမ်)ရေသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကျောက်ဂူကျောင်းတိုက်ဆရာတော် ဦးဝိစာရ၊ အောက်ဝေါယွန်း ကျောင်းတိုက်ဆရာတော် ဦးဉာဏိန္ဒ၊ စလင်းမြို့၊ မှန်ကင်းတိုက်ကျောင်း တိုက်အုပ်ဆရာတော် ဦးအရိယဝံသ၊ ဆရာတော် ဦးပညာသီဟ၊ ဆရာတော် ဦးဥေယျဓမ္မသာမိ၊ ဆရာတော်ဦးပညာဝံသတို့ထံတွင် ပိဋကတ်သုံးသွယ်ပါဠိတော် အဋ္ဌကထာ၊ ဋီကာတို့ကို သင်ရိုးပေါက်မြောက်အောင်သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ရဟန်း၁၀ဝါအရတွင် ဖားအိုင်ရွာ မင်းကျောင်းတွင် ကျောင်းထိုင်ပြီး ရဟန်းသာမဏေများကို ပိဋကတ်အခြေခံကျမ်းစာပါတိမောက်၊ သဒ္ဒါ၊ သင်္ဂြိုဟ် ညဝါစသည်တို့ကို ပို့ချတော်မူခဲ့ပါသည်။ ၁၃၅၆ခုနှစ်မှစ၍ နိုင်ငံတော် ဩဝါဒါစရိယဆရာတော်အဖြစ် သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘုရားကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါအရ ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁ ရက် (၁၉-၄-၂၀၀၄) တနင်္လာနေ့ နံနက်၂နာရီ မိနစ်၄၀တွင် မင်းကျောင်း ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဧပြီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

၂၅-၄-၂၀၀၄ရက်နေ့

၂၀၀၄ခုနှစ်မေလအတွက်

၉-၅-၂၀၀၄ရက်နေ့နှင့်

၃၀-၅-၂၀၀၄ရက်နေ့။

မိုးဦးကာလသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရေယာဉ်များ လုံခြုံရေး ရေလမ်းသတိပေး နှိုးဆော်ချက်ထုတ်ပြန်

ရန်ကုန် မေ ၂၂

မိုးရာသီစတင်ရောက်ရှိတော့မည်ဖြစ်၍ မိုးဦးကာလများတွင် လေပြင်းတိုက်ခတ်ပြီး မြစ်ရေများမြင့်တက်လာမည် ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန် ကာလတွင်ရှိသော သဲသောင်များ၊ ကျွန်းများရေမြုပ်၍ ရေမြှုပ်ပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

အလေးထားလိုက်နာ

မြစ်ရေတက်လာမှုပေါ် မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန် အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထား လိုက်နာကြရန် လိုအပ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများဖြစ်ပေါ်လေ့ရှိသည်။ ရေအနက်မလုံလောက်သည့် ရေမြှုပ်ပေါက်ဖြတ်လမ်းများကို အသုံးပြု ခုတ်မောင်းခြင်းမပြုကြရန်နှင့်သတ်မှတ် ရေလမ်းအတိုင်း မိမိရေယာဉ်စက်အားနှင့် ရေစီးအားကို ချင့်ချိန်၍ ဂရုပြု မောင်းနှင်ကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အဝင်လမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် အပေါက်၌ နေ့မြင်အမှတ်အသားအဖြစ် အစိမ်းရောင် တြိဂံပြသ၍ ညအချိန်မီးစိမ်းပြသထားသည်။ ရေယာဉ်များမဝင်ရမည့် အပေါက်များ၌ နေ့မြင် အမှတ်အသားအဖြစ် အနီရောင်ကြက်ခြေခတ်ပြသ၍ ညအချိန် မီးနီပြသထားသည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေမည်ဖြစ်ပြီး ရေစီးသန်မည်ဖြစ်၍ ရေယာဉ်များ မြစ်ကူးတံတားကြီးများသို့ ဝင်ရောက်ဖြတ်သန်းရာတွင် လိုအပ်လုံလောက် သောချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန်နှင့် တံတားအဝင်ရေလမ်းများ၌ ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်လိုအပ်သည်။

အထူးသဖြင့် ယခုကာလတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အညာဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ကမ်းရိုးတန်းဒေသများတွင် ရုတ်ခြည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်နိုင်သဖြင့် ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုမောင်းနှင်ကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကရေလမ်းသတိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

မေ ၁၂ရက်က ရန်ကုန်မြို့သိမ်ကြီးဈေး အေရုံ၊ ဘီရုံ ဈေးသူဈေးသားများနှင့် အလှူရှင်များစုပေါင်း၍ ပြန်လည်အသစ်တည်ဆောက်လှူဒါန်းသော ပုဂံဘုရား အမှတ် ၁၇၇၇(က)အောင်တော်မူဆုတောင်းပြည့်စေတီ တော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာပြုလုပ်ပြီး ပုဂံမြို့ တန့်ကြည့်တောင်၊ ဝါးကျောင်းဆွမ်းပဒေသာပင် အလှူငွေကျပ် ၂၉၈၀၀၀ကို ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်က ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇထံပေးအပ်လှူဒါန်းစဉ်။ (၃၂)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မေ ၂၄ရက်၌ ကျင်းပမည့် အာရှကြက်တောင်ရိုက် အဖွဲ့ချုပ် အထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားသော မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေအား မေ ၂၂ရက်က ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်လိုက်ပါပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(ကြေးမုံ)

အာရှတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ လွင်အောင်နှင့်သံလွင်အောင်လက်ရည်စစ်ပွဲအောင်

ရန်ကုန် မေ ၂၂

၂၀၀၄ခုနှစ် အာရှတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာ လမ်ပူမြို့တွင် မေ ၂၀ရက်မှစတင်၍ ကျင်းပလျက်ရှိရာ မေ ၂၁ရက်ပွဲစဉ်များပြီးသည်အထိ မြန်မာနိုင်ငံမှ အားကစားသမားနှစ်ဦး လက်ရည်စစ်ပွဲ အောင်မြင်သွားကြောင်းသိရသည်။

မြန်မာနိုင်ငံမှ အမျိုးသားအားကစားသမားများဖြစ်သည့် လွင်အောင်နှင့် သံလွင်အောင်တို့သည် ပြိုင်ဘက်များကို အနိုင်ရကာ လက်ရည်စစ်ပွဲအောင်မြင်ပြီး ၆၄ဦးစာရင်းဝင်သွားပြီဖြစ်ကြောင်းသိရသည်။ လွင်အောင်သည် ဘင်္ဂလာဒေ့ရှ်နှင့် မလေးရှားမှအားကစားသမားများကို နှစ်ပွဲပြတ်စီဖြင့် လည်းကောင်း၊ သံလွင်အောင် သည် ဆီးရီးယားနှင့် ကာဇက်စတန်မှ အားကစားသမားများကို နှစ်ပွဲပြတ်စီဖြင့် လည်းကောင်း အသီးသီးအနိုင်ရကာ ယခုကဲ့သို့ လက်ရည်စစ်ပွဲအောင်မြင်သွားခြင်း ဖြစ်သည်။အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှလှိုင်မွန်ကြူက ဆီးရီးယားမှ အားကစားမယ်ကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရထားကြောင်းသိရသည်။ (ကြေးမုံ)

ကာရန်အလွဲ ဟာသဇာတ်ကားသစ် ယခုအပတ်ရုံတင် ဂျပန်ဆာမူရိုင်းကားသစ် နေပြည်တော်၌ ပြသ

ကာရန်အလွဲ ဇာတ်ကားမှ ဒွေးနှင့် နန္ဒာလှိုင်။

ရန်ကုန် မေ ၂၃

ယခုသောကြာပတ်တွင် မိုးကောင်းရုပ်ရှင်မှပုညခင်၏ဝတ္ထုကို ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ်ရိုက်ကူးသော **ကာရန်အလွဲ** ရုပ်ရှင်ဇာတ်ကားသစ် သမ္မတ၊ သွင်၊ မင်္ဂလာရုံကြီးများတွင် တင်ဆက်ပြသနေသည်။

ကာရန်အလွဲမှာ တောသားကလေးရွှေမိုးညိုအဖြစ် ဒွေး၊ သာဒင်အဖြစ် ဇာဂနာ၊ ဟန်နီအဖြစ် စိုးမြတ်သူဇာ၊ ခေတ်ဆန်သူ စနီးအဖြစ် နန္ဒာလှိုင်တို့ ပါဝင်သရုပ်ဆောင်ကြပြီး အမှန်အကန် ဇာတ်လမ်းအဖြစ်မှ အချိတ်အဆက် ကာရန်လွဲရပုံများကို ရယ်စရာမောစရာများဖြင့် ဖွဲ့စည်းထားသော ဇာတ်လမ်း တစ်ပုဒ်ဖြစ်သည်။

အကြိုက်ဝေးဝေး

ဆက်လက်၍ ညွှန့်မြန်မာ ညီညီအောင် ရိုက်ကူး၍ လွင်မိုး၊ ခန့်စည်သူ၊ အိန္ဒြာကျော်ဇင်တို့ပါဝင်သည့်သကြိုက်၏ ကြည်နူးဖွယ် မေတ္တာဇာတ်လမ်းဖြစ်သည့် **သကြိုက်ဝေးဝေး** ဇာတ်ကား ရွှေ့ဆောင်၊ နဝဒေးရုံများ၌ ဆက်လက် အောင်ပွဲခံနေသည်။

နေပြည်တော်

နေပြည်တော်ရုံတွင် ယခုအပတ် The Last Samurai အမည်ရှိ ဂျပန်ဆာမူရိုင်းကားသစ် ရုံတင်လာသည်။ ဂျပန်နိုင်ငံ မေဂျီဘုရင်ခေတ်ကို နောက်ခံထား ဇာတ်လမ်းဖွဲ့ထားပြီး ဆာမူရိုင်း သူရဲကောင်းတို့၏ ရဲစွမ်းသတ္တိရှိမှု၊ စားရေးကျွမ်းကျင်မှုတို့ကို တင်ပြထားသည်။ နာမည်ကျော် သရုပ်ဆောင် တွမ်ခရုစ်နှင့် ကင်ဝါတာနာဘေတို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နေပြည်တော်ရုံတွင် ရုံတင်ပြသလာသည့် The Last Samurai ဇာတ်ကားသစ်မှပြကွက်တစ်ခု။

အိန္ဒိယအက်ရှင်

ယခုအပတ် အိန္ဒိယအက်ရှင် ဇာတ်ကားအဖြစ် ရေပန်းစားနေသော Champion ဇာတ်ကား ဘုရင်ရုံတွင် တင်ဆက်ပြသနေသည်။ သရုပ်ဆောင် ဆန်နီဒေါနှင့် မနီရှာကွိုင်လာတို့ အပြိုင်အဆိုင် သရုပ်ဆောင် ထားကြသည်။

ကောင်းမှကောင်း

ဆက်လက်၍ရွှေဂုန်ရုံတွင် **ကောင်းမှကောင်း** အဆင့်မြင့် ဗီဒီယိုဇာတ်ကား ပြသဆဲရှိသည်။



အိန္ဒိယဇာတ်ကား

Haan Maine Bhi Pyaar Kiyaအိန္ဒိယဇာတ်ကားမှ သရုပ်ဆောင်ကွက်။

မြို့မရုံ

မြို့မရုံတွင် အရှစ်ကူးမား၊ ကရစ်ရှမာကပူးတို့ပါဝင်သောအိန္ဒိယမေတ္တာဖွဲ့အချစ်ဇာတ်ဆန်း ရုံတင်ပြသနေသည်။ အင်္ဂလိပ်စာတန်းထိုး အိန္ဒိယဇာတ်ကားကောင်းအဖြစ် ကြည့်ရှုကြရမည်ဖြစ်သည်။

တောတွင်းစွန့်စားခန်း

ဆုထူးပန်ရုံတွင် Jungle အမည်ရှိ အိန္ဒိယ တောတွင်းစွန့်စားခန်း ဇာတ်ကား တင်ဆက်ပြသနေသည်။ တောနက်အတွင်း သားရဲ တိရစ္ဆာန်များနှင့် အန္တရာယ်ရင်ဆိုင်ရပုံများ တင်ပြထားသည်။ (ကြေးမုံ)

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ အာစရိယပူဇော်ပွဲ

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်ဆရာအတတ်သင်သိပ္ပံ(ကံဘဲ့) ရန်ကင်းပညာရေးကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မေ ၂၂ရက် (စနေနေ့) နံနက်ရနာရီတွင် အဆိုပါကောလိပ်၌ ကျင်းပမည်ဖြစ်သည်။

သိပ္ပံဖွင့်လှစ်ခဲ့သည့် ၁၉၄၇-ခုနှစ်မှစ၍ ယနေ့အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံကြွရောက်ကြရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးရန်နိုင် ဖုန်း-၅၆၀၃၀၁၊ ဦးနု ဖုန်း-၂၁၀၅၈၃၊ ဦးသာအောင်ကျော် ဖုန်း-၅၂၆၃၅၇၊ ဦးဝမ်းမောင် ဖုန်း-၅၄၄၆၂၁၊ ဦးအေးလွင် ဖုန်း-၂၁၂၉၆၉-၃၀၅၊ ဦးကျော်မင်း ဖုန်း-၂၁၂၉၆၉-၃၀၉၊ ဦးရန်နောင် ဖုန်း-၆၄၀၁၈၈ထံသို့လည်းကောင်း၊ သက်ဆိုင်ရာပြည်နယ် တိုင်းပညာရေးမှူးများမှ တစ်ဆင့်လည်းကောင်း မေ ၁၄ရက် သောကြာနေ့ နောက်ဆုံးထား၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ခြင်းနှင့် မြတ်ဆရာပူဇော်ပွဲသို့ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ပုဇွန်တောင်မြို့နယ်(၂၁)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၂ရက်က မြသိန်းတန်ကျောင်းတိုက်၌ ပြုလုပ်ရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တကေသရ ဩဝါဒကထာ မြွက်ကြားစဉ်။ (၂၃)

ASIA Language & Business Academy
(Your Passport to Success)
(All classes are taught by foreign teachers)
English Classes available for
- Adult students (Basic, Pre-inter, Inter, General, Communicative, SAT, G-MAT, IELTS, TOEFL, FCE)
- Regular Young Learners (Age 5-13) Cambridge (UK) recommended courses
Available Now: Intermediate, Advanced, Exam-Oriented Classes. Fees in Kyats
Internet, Email
90, 3rd Fl. Shwedagon Pagoda Rd. Dagon Township, Yangon. Tel: 720466, 411113, 09-8032750, 09-8030558. Email: alba@myanmar.com.mm

၃၀%မှ ၅၀%အထိ ဈေးလျှော့ပေးနေပြီ။
"ကျောင်းသို့ပြန်လည်သွားကြစို့"
STAEDTLER MARK
SAKURA

မြတ်သဒ္ဒါ
မြစ်တွင်းအပျော်စီးရေယာဉ်နှင့်ရေယာဉ်ပျံ

Home Distribution Group
Ready Made Floor — High-tech of Germany
Decorative Wall Covering — High-tech of Italy
Al_2O_3
Wall paper

လိုင်စင်ရ
ပါးလိုင်းလင်း
မျိုးလွင့်တိမ်မိုး
လုံးချင်းဝတ္ထုသစ်
ထွက်ပြီ

ASIA TECH COMPUTER

တိုက်ခန်းရောင်းမည်
၁၂ပေ x ၆၅ပေ (၅)လွှာ
၁၆၁ လမ်း
ဖုန်း-၅၆၃၂၁၆

SHINE AC-DC

Nawarat Garden (အဆင့်မြင့်အိမ်ရာစီမံကိန်း)
25%, 20%, 10% Discount
Type - A
Type - B
Salomon Group
SALOMON CONSTRUCTION GROUP - ဖုန်း - 535611, 536333, Ext - 801, 221521 - အမှတ် (224/A), 7th Floor





Dr. Tin Latt
MANAGEMENT & ACCOUNTANCY TRAINING LTD.
MAT Quality & Success
Centre I No.165, Shwebontha Street, Pabedan Tsp, Yangon.
Centre II No. 275, Banyadala Road, Tamwe Tsp, Yangon.

ACCA Paper 1.1,1.2 (CBE Courses)
CAT Introductory & Intermediate Level (CBE Courses)
E-Learning
LCD Projector, Dr. Tin Latt
Registration Closing Date: 15th May 2004.
For September Exam
Commencing date : 25.04.2004

LCCI
Commencing date: 28.05.2004
Level I, II (Certificate Course)
Level III (Group Diploma Course)
- Diploma in Accounting (DA)
- Diploma in Management Accounting (DMA)
- Diploma in Cost Accounting (DCA)
- Diploma in Principles and Practice of Management (DPPM)
- Diploma in Business and Industrial Administration (DBIA)
- Diploma in Marketing (DMAR)
- Diploma in Managerial Principles (DMP)

Computerised Accounting & Windows Application Courses
UBS Accounting & Stock Control
Microsoft Office XP & 2003
Enroll Now!

Tel: 242431, 241713, 296781.
CAT နှင့် LCCI Course
E.mail: Drtinlatt@mat.com.mm

ခရမ်းစည်ပင် စက်ရေတွင်းတူးဖော်

ခရမ်း ဧပြီ ၁၀

ခရမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့နယ်အတွင်း ကျေးလက်ဒေသများတွင် သောက်သုံးရေ ဖူလုံစေရေးအတွက် ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း စက်ရေတွင်းများ တူးဖော်ခြင်းကိုစီမံချက်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကျေးရွာ ၁၆ ရွာတွင် စက်ရေတွင်း ၁၆ တွင်း တူးဖော်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မတ် ၂၀ ရက်က ခရမ်းမြို့နယ် အုတ်ဖိုကျေးရွာတွင် အနက် ပေ ၄၀၀ ရှိပြီး တစ်နာရီ ရေဂါလန် ၁၃၀၀ ထွက်မည့် နှစ်လက်မ စက်ရေတွင်း တူးဖော်ခဲ့ရာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။ (က–ပ)

မြို့နယ် သတင်းများ

သမိန်ဗရမ်း ကျောက်ချောလမ်းဖွင့်

ရေဦး ဧပြီ ၁၅

ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက် သမိန်ဗရမ်း ကျောက်ချောလမ်းဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက အဆိုပါ ကျောက်ချောလမ်း မုခ်ဦးမဏ္ဍပ်တွင် ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖ ဦးတင်ဝင်းနှင့် ဗိုလ်အောင်ဇေယျ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းမောင်တို့က သမိန်ဗရမ်းလမ်း ဖောက်လုပ်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေဘိုခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးကိုတို့က ပေ ၁၈၀၀ အရှည်ရှိ သမိန်ဗရမ်း ကျောက်ချောလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၃၉၀)**

ပြည်မြို့ မူလတက္ကသိုလ် ကျောင်းတိုက် ရှင်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုလာသဘ အမှူးပြု၍ ဦးစီးကျင်းပသော ပြည်မြို့လုံးဆိုင်ရာ စုပေါင်းရှင်ပြုအသင်းကြီး၏ (၃၃)ကြိမ်မြောက် စုပေါင်းရှင်ပြု ရဟန်းခံ သီလရှင်ဝတ်ပွဲကို ဧပြီ ၁၂၊၁၃ ရက်က အဆိုပါ ကျောင်းတိုက်တွင် ကျင်းပရာ ရှင်တစ်ထောင်ဆရာတော်နှင့်အတူ ရှင်လောင်း ၁၀၈ ဦးတို့အား တွေ့မြင်ရစဉ်။ (၄၉၇)

ပျော်ဘွယ်မြို့နယ် ၂၀၀၄–၂၀၀၅ ခု မိုးကြိုချည်မျှင်ရှည်ဝါ ထွန်တုံးပိတ်ပွဲ အခမ်းအနားကို မတ် ၂၉ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးတင့်ခိုင်တို့အားပေးကြည့်ရှုစဉ်။

(မြို့နယ်ပြန်/ဆက်)

တိုးချဲ့ဓမ္မာရုံအတွက် အလှူတော်ငွေ ပေးအပ်

ဒဂုံ ဧပြီ ၂၀

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် (၅၁) ရပ်ကွက် အောင်ချမ်းသာ မဟာစည် ဝိပဿနာရိပ်သာ စာသင်တိုက် (၁၂) ကြိမ်မြောက် တရားစခန်းသိမ်းပွဲ၊ စာအောင်ဆုနှင်းသဘင်ပွဲနှင့် ဓမ္မာရုံကြီး အသစ်ထပ်မံတိုးချဲ့ဆောင်အတွက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၁၈ ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားတွင် ဦးသန်းညွန့်–ဒေါ်စမ်းစမ်းဝင်းတို့အား အမှူးထား၍ သမီးဖြစ်သူ ကိုစိုးပိုင်–မသန္တာဖြူ၊ သားသန့်ဇင်ပိုင်၊ ဝေယံပိုင်၊ မင်းသန့်ပိုင်၊ သမီး ရည်မွန်ပိုင် မိသားစု (၄၃) ရပ်ကွက် ပညာတန်ဆောင် (၂)လမ်းက အလှူတော်ငွေ ကျပ် ၁၀ သိန်း မတည်လှူဒါန်းသည်။ အလှူတော်ငွေကျပ် ၂၅ သိန်းရရှိပြီးဖြစ်ရာ လှူဒါန်းလိုသူများ အဆိုပါ ကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ဟားခါးမြို့တွင် သစ်ပင်ပျိုးပွဲတော် ကျင်းပ ပျိုးပင်၊ ပျိုးအိတ် ၅၀၀၀၀ကျော် ပျိုးထောင်

ဟားခါး ဧပြီ ၁၂

ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ သစ်ပင်ပျိုးပွဲတော်ကို မတ် ၈ ရက် နံနက် ၉ နာရီက ဟားခါးမြို့ မြို့မ သစ်တောပျိုးဥယျာဉ်၌ ကျင်းပသည်။

ရှေးဦးစွာ သစ်ပင်များ မပျိုးထောင်မီ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းညိုက သစ်ပင်အမျိုးအစားအလိုက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်ပင်ပျိုးပွဲတော်ကို ချင်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသော ဒေါက်တာ ဒေါ်ခင်စောမူနှင့် ဒေါ်ဟရန်ကိပ်မဲန်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အထောက်အကူပြု ပုဂ္ဂိုလ်များ၊ ပြည်နယ်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အသီးသီးမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များက သစ်ပင်များ ပျိုးထောင်ကြသည်။

သစ်ပင်အမျိုးအစား

အဆိုပါ သစ်ပင်ပျိုးပွဲတော်မှ စိုက်ပျိုးသော သစ်ပင်အမျိုးအစားများမှာ ထင်ရှူး၊ ချယ်ရီ၊ ခါတော်မှီ၊ ယူကလစ်၊ ဘောဇကိုင်း၊ ရှားနက်၊ သရက်၊ ရှေသင်းဝင်၊ စိန်ပန်းပြာ စသည့် ပျိုးပင် ပျိုးအိတ် စုစုပေါင်း ၅၀၀၀၀ ကျော် ပျိုးထောင်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ပဲခူးမြို့ အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် အလယ်တန်းနှင့် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၉ ရက်က ကံ့ကော်ဆောင်ခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မင်းက အဋ္ဌမတန်းကျောင်းသူ မသက်စုကိုအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က–ပ)

ပင်လောင်းမြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးတို့က မြို့တွင်း စကြံ များ ပြုပြင်ခြင်းအား မတ် ၂၅ ရက်က အနီးကပ်ကြပ်မတ်စဉ်။

(မြို့နယ်စည်ပင်)

ကံလျှက်တောကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့် ကျေးရွာပြည်သူများ အချိန်အခါမရွေး သွားလာနိုင်

အုတ်တွင်း ဧပြီ ၁၀

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃–၂၀၀၄ ခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကံလျှက်တောကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို မတ် ၂၉ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ရှင်းလင်းတင်ပြ

လမ်းသစ်ဖွင့်ပွဲတွင် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးရွာ ရပ်မိရပ်ဖ ဦးဆော့က ကျေးဇူးတင်စကား ပြောကြားကာ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ယင်းနောက် ကျောက်ချောလမ်းသစ်အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေစန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းလင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အဆိုပါ ကျောက်ချောလမ်းသစ်သည် အလျားပေ ၁၂၀၀ ရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေ ကျပ် ၁၈၀၀၀၀၀ ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ကံလျှက်တော၊ ရှမ်းစု၊ အင်ဒိုင်းနှင့် ရွာကုန်းကျေးရွာ ပြည်သူများသည် မန္တလေးလမ်းမကြီးပေါ်သို့ အချိန်အခါ မရွေး အလွယ်တကူ သွားလာနိုင်ပြီဖြစ်သည်။ **(၄၀၃)**

ကျေးလက်မြေသားလမ်းဖွင့်

နတ်တလင်း ဧပြီ ၁၅

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၃–၂၀၀၄ ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကျောင်းကြီး–ဝဲကြီး ကျေးလက်မြေသားလမ်းခင်းခြင်းလုပ်ငန်းကို မတ် ၂၂ ရက် နံနက် ၈ နာရီက ကျောင်းကြီးကျေးရွာ မုခ်ဦး၌ ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး တက်ရောက်အားပေးပြီး ဖွင့်ပွဲကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဒု–ရဲမှူး ဦးအေးထွန်းကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပြုလုပ် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ကလေး ဧပြီ ၁၂

ကလေးမြို့တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် သန့်ရှင်းရေးလုပ်ငန်းကို ဧပြီ ၁၀ ရက် နံနက် ၇ နာရီက ဥပုသ်ချောင်းဘေး ဝဲ၊ ယာ ပြည်သူ့ဆေးရုံကြီးအနီး၌ ပြုလုပ်ရာ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများက လှည့်လည်ကြည့်ရှုအားပေးသည်။

—— ဆောင်ရွက် ——

သန့်ရှင်းရေးလုပ်ငန်းကို ကလေးတပ်နယ်မှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီဝင်များနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရပ်ကွက်ပြည်သူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းပါဝင်၍ ဥပုသ်ချောင်းသန့်ရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

လေလံကြော်ငြာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန လက်အောက်ရှိစော်ဘွားကြီးကုန်းပွဲရုံနှင့်ကုန်တင်ယာဉ်ရပ်နားစခန်းတွင် ယာယီပစ္စည်းစုပုံခွန် ကောက်ခံခြင်းလုပ်ငန်း၊ ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတွင် ယာယီပစ္စည်းစုပုံခွန် ကောက်ခံခြင်းလုပ်ငန်း၊ ဘုရင့်နောင်ပွဲရုံနှင့် အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းရှိ ဆိပ်ကမ်းကပ်ခနှင့် ကုန်တင်ကုန်ချ ဆိပ်ကမ်းခွန် ကောက်ခံခြင်းလုပ်ငန်းများအား ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွက် (၁၅-၅-၂၀၀၄ ရက်နေ့မှ ၃၁-၃-၂၀၀၅ရက်နေ့အထိ) ဈေးပြိုင်စနစ်ဖြင့် လေလံတင်အငှားချထားခြင်းကို ၆-၅-၂၀၀၄ရက် (ကြာသပတေးနေ့) ၀၉း၀၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

လေလံလျှောက်လွှာပုံစံများနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမအနီးရှိ ဆယ်ထပ်ရုံး (အင်ဂျင်နီယာဌာန၊ အဆောက်အအုံ) ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၅-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ) ဖုန်း-၂၄၈၁၁၂၊ လိုင်းခွဲ(၂၇၉)၊ ၂၄၉၅၂၅သို့ မေးမြန်း စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့။

ရောင်းလို၊ ငှားလိုက ဆက်သွယ်ပါ

လူကြီးမင်းပိုင်ဆိုင်သော တိုက်ခန်းလုံးချင်းမြေကွက်များ အမြန်ရောင်းလို၊ ငှားလိုက ဆက်သွယ်ပါ။

ဖုန်း-၇၂၀၇၇၉၊ ၂၀၀၅၂၆။

အမည်ပြောင်းခြင်း

ဦးစောအယ်ထူး၏သမီး အထက စစ်ကွင်း၊ သတ္တမတန်း(က)မှ မသက်သက်ပိုင် [၇/မလန(နိုင်)၀၉၀၇၁၇] အား သဥ္ဇာလင်းနွယ်ဟု ပြောင်းလဲခေါ်ပါရန်။ **သဥ္ဇာလင်းနွယ်။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် အမှတ်(၂၉၂၁၃၈) ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ဦးအောင်သန်း ဖုန်း-၆၉၉၃၁၇

အမည်ပြောင်းခြင်း

ဦးမြင့်လွင်ဦး၏သား အလက (၄)၊ ရန်ကင်း၊ ဆဋ္ဌမတန်းမှ မောင်တေဇာအောင်အား မောင်ထက်အာကာဟု အမည်ပြောင်းလဲခေါ်ပါရန်။

တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်း(ဘုတ်ပြင်း)မှ အောက်ပါဝန်ထမ်းများအလိုရှိသည်။ လစာကောင်းကောင်းပေးမည်။ (ပြည်တွင်း၌သာခန့်ထားရန်)

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ်ရှိ တောင်ဒဂုံဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Chemist - B.Sc (IC) (၁) ဦး ကျား

၂။ ဆီအုန်းလုပ်သားများ (၈၀) ဦး ကျား

စိတ်ပါဝင်စားသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း မိမိတို့၏ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တို့နှင့်အတူ Golden Flower Plaza အမှတ်(၂၁၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။



အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
ရန်ကုန်တိုင်းတရားရုံး
(တွဲဖက်တိုင်းတရားသူကြီး-၆)ရုံး၌
၂၀၀၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆

ဒေါ်စုစုဝင်း **နှင့်** ၁။ဦးဇော်မင်း၊ ၂။ဒေါ်တင်ကြည်၊ ၃။ဦးညီညီစံ(ခ)ဦးဘုန်းမြင့်၊ ၄။ဦးမြင့်ဆွေ၊ ၅။ဒေါ်ခင်ရီ၊ ၆။ဒေါ်မြင့်မြင့်အေး၊ ၇။ဒေါ်ခင်ရီဝင်း၊ ၈။ဒေါ်ဘေဘီဝင်း၊ ၉။ဒေါ်မြတ်နှင်းနွယ်၊ ၁၀။ဦးဘထွေးအောင်၊ ၁၁။ဒေါ်နီလာဆွေ၊ ၁၂။ဒေါ်စောယင်ယင်၊ ၁၃။ဦးဇော်မိုး၊ ၁၄။မောင်မြင့်သန်းစိုး၊

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၁။ဒေါ်မြင့်မြင့်အေး အမှတ်-၁၉၊ စပယ်ခြံ(၁)လမ်း၊ ကမာရွတ်မြို့နယ်၊ ၂။ဒေါ်ဘေဘီဝင်း အမှတ်-၂၂၊ ရောဝတီလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

အထက်ပါလျှောက်ထားသူ ဒေါ်စုစုဝင်း (အမှတ်-၇၊ ၅၃လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း)နေထိုင်သူက ဤရုံး၏ တရားမဇာရီမှုအမှတ်- ၇၂/၀၂ တွင် အချင်းဖြစ်ပစ္စည်းဖြစ်သော ဒီကရီကျပစ္စည်း ရန်ကုန်တိုင်း။ လသာမြို့နယ်၊ (၂၄)လမ်း၊ အမှတ်(၁၄၂)ဟုတွင်သည့် နေအိမ်အဆောက်အအုံ ဥပစာအား လေလံတင်ရောင်းချခဲ့သည့် ၁၅-၉-၂၀၀၃နေ့စွဲပါ လေလံပွဲအား ပယ်ဖျက်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၉၀အရ လျှောက်ထားလာသည်ဖြစ်၍ သင်တို့က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြထုချေရန် ၂၀၀၄ခုနှစ်၊ မေလ ၄ရက် (၁၃၆၆ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်နေ့) နံနက် ၁၀နာရီအချိန်တွင် သင်တို့ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှု ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၀၄ခုနှစ်၊ မတ်လ (၂၃)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သိန်းသိန်းညွန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	Wong Kin Keen	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

အများသိစေရန်

ကျွန်တော်၏ဇနီးဖြစ်သူ မအေးရီ [၁၂/သဃက(နိုင်)၀၀၀၄၉၄] သည် ၁-၄-၂၀၀၄ရက်တွင် ကျွန်တော်၏ နေအိမ်မှ ခွင့်ပြုချက်တစ်စုံတစ်ရာ မရရှိဘဲ ဆင်းသွားပါသဖြင့် သွေးဆောင်ဖြားယောင်းလက်ခံသူများအား တရားဥပဒေအရ အရေးယူမည်။

ထလာကျဲအို
[၁၂/ပဘတ(နိုင်)၀၁၃၇၃၇]။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ည/၄၉၄၄ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး (ရန်ကုန်)သို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင် ချစ်ဖေဖေ **ဗိုလ်မှူးဇော်မြင့်** (ရေ၊ ငြိမ်း)၊ ချစ်မေမေ **ဒေါ်ခင်ခင်မြင့်** တို့၏ ၂၃-၄-၂၀၀၄ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင်အောင် မိသားစုနှင့်အတူ ပျော်ရွှင် ကျန်းမာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးများကို ဆောင်ရွက်နိုင်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး- ဒေါက်တာသော်တာမြင့် **ချစ်မြေးများ - Patrick**
ချစ်သမီးလတ် - ဒေါက်တာသီတာမြင့် **Sweetie**
ချစ်သမီးငယ် - ဒေါ်နီလာမြင့် **ပိုးဉ**
ပုံ့ပုံ့
ဖွေးဖွေး

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ကျိုက်အင်းမြို့ပြရပ်ကွက်နေ
ဦးသာထွန်း-ဒေါ်တင်လှတို့၏သား

မောင်ဇော်ဇော်နိုင်

နှင့်

စစ်ကိုင်းတိုင်း၊ ကောလင်းမြို့၊ မီးရထားဝင်းနေ
ဦးကိုကိုလွင်[လ/ထကြီးကြပ်ရေးမှူး၊ ရထထ-ထူး)]-ဒေါ်ခင်ဝင်းမြင့်
တို့၏ တစ်ဦးတည်းသောသမီး

မသူဇာလွင် (ခ) ငုဝါ

တို့သည် နှစ်ဖက်သော ဂုဏ်သရေရှိ လူကြီးမိဘတို့ ရှေ့မှောက်တွင် ၉-၄-၂၀၀၄နေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ဇော်ဇော်နိုင် - မသူဇာလွင်။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ယုဇနကုန်တိုက်များတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(၁) ကြီးကြပ်ရေးမှူး **(၆) ဦး**

လုပ်ငန်းအတွေ့အကြုံရှိ၍ အသက်(၄၀)အောက် ဘွဲ့ရဖြစ်ရမည်။

* လစာကောင်းမည်။

(၂) Sales Assistant (အမျိုးသမီး) **(၄၀) ဦး**

အထက်တန်းပညာအဆင့်၊ အသက်(၂၀)အောက်၊ အိမ်ထောင်မရှိသူ(အပျို) ဖြစ်ရမည်။

(၃) လုံခြုံရေးဝန်ထမ်း(အမျိုးသား/အမျိုးသမီး) **(၁၀)ဦး**

လုပ်ငန်းအတွေ့အကြုံရှိ၍ အသက်(၄၀)အောက် အထက်တန်းပညာအဆင့် ရှိရမည်။

လျှောက်လွှာများကို ယုဇနစင်တာ (ဒုတိယထပ်)၊ အမှတ်(၁၃၀)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၃၀-၄-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လိုအပ်သော အထောက်အထားများယူ၍ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်သည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ မြင်သာနေ
ဗိုလ်မှူးအောင်တင်(ငြိမ်း)-ဆရာမဒေါ်ခင်ခင်အေး(ငြိမ်း)
တို့၏သားထွေး

မောင်မိုးတေဇာအောင် B.Sc(Zool), D.C.Sc, M.I.Sc

(နည်းပြ၊ အစိုးရကွန်ပျူတာကောလိပ်၊ မန္တလေး) နှင့်

စဉ့်ကိုင်မြို့၊ မြို့မရပ်နေ
(ဦးထွန်းကြိုင်) - ဒေါ်ခင်စန်းရီ(သ/မဦးစီး)တို့၏သမီးကြီး

မမို့မို့ကြိုင် B.Sc(Maths), D.C.Sc, M.I.Sc

(နည်းပြ၊ အစိုးရကွန်ပျူတာကောလိပ်၊ မန္တလေး)

တို့သည် ၈-၄-၂၀၀၄နေ့တွင် ရန်ကုန်မြို့၌ နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မိုးတေဇာအောင်-မမို့မို့ကြိုင်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန သင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှကြီးမှူး၍ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် Baiyoke Kandawgyi Hotel Co.,Ltd.မှ အောက်ဖော်ပြပါ သင်တန်းများကို Kandawgyi Palace Hotel ရှိ Hotel and Tourism Training Centre တွင် ၁၇-၅-၂၀၀၄မှ ၁၆-၇-၂၀၀၄နေ့ထိ ရက်သတ္တပတ် (၈)ပတ်ဖွင့်လှစ်ပါမည်။

1. Front Office Operations - - - - - တက္ကသိုလ်ဝင်တန်းအောင်။
2. Housekeeping Operations - - - - - ၉တန်းအောင်။
3. Food and Beverage Service - - - - - ၉တန်းအောင်။
4. Food and Beverage Production - - - - - ၉တန်းအောင်။
5. Hotel Management 1

(က)**ပညာအရည်အချင်း၊လုပ်ငန်းပညာ**- - - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ ဤသင်တန်းဌာနမှဖွင့်လှစ်ခဲ့သော ဟိုတယ်အခြေခံသင်တန်းတစ်ခုခု အနည်းဆုံးအောင်မြင်ပြီးသူဖြစ်ပြီး

(ခ) **အတွေ့အကြုံ** - - - - - - - - - လက်ရှိဟိုတယ်လုပ်ငန်းတွင် Supervisor / Manager တာဝန်ထမ်းဆောင်နေသူ၊သို့မဟုတ် ဟိုတယ်လုပ်ငန်းဆောင်ရွက်ခဲ့သူများ

(ဂ) ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း MHTS မှ သင့်လျော်သူများဟု ထောက်ခံသူများကို အထူးစဉ်းစားပါမည်။

6. Hospitality English - - - - - - - တက္ကသိုလ်ဝင်တန်းအောင်ပြီး (နံနက်၉း၀၀နာရီမှ ၁၁း၀၀နာရီအချိန်ပိုင်း) ဟိုတယ်လုပ်ငန်းအတွေ့အကြုံရှိသူ

လျှောက်လွှာများကို ဤသင်တန်းဌာနတွင်ဝယ်ယူနိုင်ပြီး၊ အမှတ်စဉ်(၁)မှ (၄)ထိ ရေးဖြေစာမေးပွဲများကို၃၀-၄-၂၀၀၄နေ့တွင်ပြုလုပ်ပါမည်။ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်း မိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ထောက်ခံစာပူးတွဲတင်ရမည်။ သင်တန်းအောင်မြင်သူများကို ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သင်တန်းဆင်းလက်မှတ်များချီးမြှင့်ပါမည်။ အသေးစိတ်ကို သင်တန်းဌာန ကြော်ငြာသင်ပုန်းတွင်ကပ်ထားပါမည်။

ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန
ကန်တော်ကြီးပဲလေ့စ်ဟိုတယ်
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Phone°- ၂၄၉၂၅၅ လိုင်းခွဲ-၅၄၂၁။





MIT MPEC

▸ Web-based JAVA Programming Course
Date&Time:(Sat & Sun) (8:00 to 11:00 am)
▸ VB (Visual Basic)
Date&Time:(Sat & Sun) (12:00 to 3:00 pm)
▸ System & Database Administrator
Date&Time:(Tue & Thurs) (5:00 to 7:00 pm)
▸ Window Basic Course
Date&Time:(Tue & Thurs) (10:00 to 12:00 am)
Queen Star Computer Center
Phone: 505278,502801,539151

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းနေ ချစ်သူငယ်ချင်း၏မိခင် ဒေါ်ခင်ဆွေစိုး ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါကြောင်း။

ဇာဇာဝင့်၊ မိယဉ်စနိုင်း၊ ဝတ်ရည်စိုး၊အေးသန္တာဝေ၊ တင်မိုးမိုးခိုင်၊ မေဝင်းစိုး။

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေ၊ အမိန့်-၂၁၊ နည်းဥပဒေ-၆၆
ရန်ကုန်တိုင်းတရားရုံး၊ တွဲဖက်တိုင်းတရားသူကြီး (၉)ရုံး
၂၀၀၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၆၉

၁။ ဦးမြင့်စိုး	**နှင့်**	၁။ အဲရီးပေပါထရေးဒင်းကုမ္ပဏီလီမိတက်
၂။ ဒေါ်ဖြူဝင်းမာ		၂။ အဲရီးပေပါဆားဗစ်စက်ကုမ္ပဏီလီမိတက်
၃။ မသက်ဖူးဝေ		အမှတ် ၁၄၄၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
၄။ မဆုပွင့်စိုး		ရန်ကုန်မြို့။
တရားနိုင်များ		**တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်-၂၄၉/၂၀၀၃ အမှုတွင်ရရှိခဲ့သော အနိုင်ဒီကရီအရ တရားနိုင်များရယူနိုင်ရန်အတွက် အောက်တွင်ဖော်ပြထားသော တရားရှုံးကုမ္ပဏီပိုင်ကားကို မျက်မြင်အခြေအနေအတိုင်း ၂၀၀၄ ခုနှစ်၊ မေလ ၃၁ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၃ ရက်)နေ့ နံနက် (၁၀)အချိန်တွင် ရန်ကုန်တိုင်းတရားရုံးရှေ့ ဘီလစ်ရုံးခန်းတွင် လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်အဖြစ်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချသည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချရလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့် ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက် နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။
၈။ လေလံနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ရန်ကုန်တိုင်းတရားရုံး ဘီလစ်ထံတွင် စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် ဧပြီလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

အောင်ဝင်း
တွဲဖက်တိုင်းတရားသူကြီး(၉)
ရန်ကုန်တိုင်းတရားရုံး။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ယာဉ်အမှတ်-၅ခ/၄၆၆၄ (Suzuki Pick-up) ကြမ်းခင်းဈေး-ကျပ်သိန်း(၆၀)
မှတ်ချက် -(က) အထက်ဖော်ပြပါ ကားသည် တရားရှုံးကုမ္ပဏီပိုင်ဖြစ်သည်။
(ခ) ဖော်ပြပါကားသည် ရန်ကုန်တိုင်းတရားရုံးဘီလစ်လက်ဝယ်တွင် ရှိနေပါသည်။

ကျေးဇူးတင်ရှိခြင်း

ဟဇာရသ် အလ္လမာဟာဘီဘုလ်ဘရှရ်(ခိုင်ရီ)
(ကျောက်တော်) အသက်(၇၁)နှစ်
B.A, M.M (DACCA)
(မွမ်တားဇွလ်မူဟာဒီးစ်၊ မူဖစ်စေရွလ်ကုရ်အာန်၊ ရှေခွလ်ဟာဒီးစ်၊ ဝါအေစေစဟာရွလ်ဘယာမ်း၊ အာရှေကေရစူလ်၊ နက်ရှာဘန္ဒီးယား၊ မုဂျက်ဒဒီးယား)ဆရာတော်ကြီး (မဒါရ်ဆာ အာလီယာ၊ အဟ်လေစွန္နတ် ဝါလ်ဂျေမာအတ်၊ ကျောင်းအုပ်ဆရာတော်ကြီး)

၁၅-၄-၂၀၀၄ရက် (ကြာသပတေးနေ့) ညနေ (၄း၃၀)နာရီတွင် အလ္လာရှင်မြတ် အမိန့်တော်ခံယူသွားသော ဖခင် (ဆရာတော်ကြီး)၏ ဈာပနကိစ္စတွင် မြုပ်နှံဒါဖနာခွင့်ပြုခဲ့သော သန်လျင်မြို့ ငါးပါးသခင်ဒါရ်ဂါ ဘဏ္ဍာထိန်းအဖွဲ့နှင့် ခန့်ထားရေးကော်မတီဝင်များ၊ ကျန်ရစ်သူမိသားစုအား လိုအပ်သည်များကို ကူညီစောင့်ရှောက်အားပေးနှစ်သိမ့်ခဲ့သည့် အစ္စလာမ့်အဖွဲ့အစည်းအသီးသီးမှ ဓမ္မမိတ်ဆွေများ၊ အဘက်ဘက်မှပိုင်းဝန်းကူညီခဲ့ကြသော ဖခင်(ဆရာတော်ကြီး)၏ မိတ်ဆွေများ၊ တပည့်သားများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ဖခင်(ဆရာတော်ကြီး) မကွယ်လွန်မီ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော အာရှတော်ဝင်နှလုံးအထူးကုဆေးခန်းမှ သမားတော်ကြီးနှင့် ဆရာဝန်/ဆရာမများ၊ ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ ဖခင်(ဆရာတော်ကြီး)၏ ဈာပနကိစ္စအဝဝတွင် လူကိုယ်တိုင် ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ နာရေးသတင်းမေးမြန်း ကြသော ပုဂ္ဂိုလ်များအား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

သော်တင်လွင်
5 % Discount
Ph-09-9924512, 09-5013831, 549505

အခြမ်းရောင်း

၁။ တာမွေယုဇနပလာဇာနောက်၊ စံပယ်လမ်းမပေါ် ၈၀ x ၈၀ မြေပေါ် 3000ft² လူနေပစ္စည်းထားရန်သင့်တော်သော တစ်ထပ်တိုက်လုံးချင်း၊ အဝီစိရေ+မီတာ၂
၂။ တာမွေ အထက(၁)+ ယူအင်ဒီပီရုံးကြား၊ ကန်တော်ကြီးပတ်လမ်း၊ တိုက်(၆က) ၁၅ x ၅၀ မြေညီ၂လွှာ(တွင်းပြင်လှေကား)၊ ရေ၊ မီး + ဖုန်း (မျက်နှာစာကန်တော်ကြီး)
၃။ လှိုင် ဘုရင့်နောင်လမ်းမကြီး၊ အေးရိပ်မွန်၊ ၁၅x၅၀ မြေညီ၊ ရေ၊ မီး၊ ဖုန်း တိုက်(၃) (အိုဝမ်းဖွဲ့နှဆီစက်ရှေ့)

ဖုန်း-၅၁၅၀၆၅၊ ၇၂၃၁၈၁၊ ၀၉ ၈၀ ၂၅၁၅၀။

လွမ်းဆွတ်သတိရခြင်း

အနန္တကျေးဇူးရှင်ဖခင် စာရေးဆရာကြီး သခင်ဘသောင်းနှင့် မိခင် ဒေါ်သန်းကြည်တို့သည် မိသားစုနှင့် ခွဲခွာသွားသည်မှာ နှစ်လကြာခဲ့ပါပြီ။ မိဘနှစ်ပါးအားရည်စူး၍ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်တို့အား အမျှပေးဝေပါသည်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

သမီး - ဒေါ်သစ်သစ်သောင်းမိသားစု
အမှတ်(၄၇)၊ ရွှေလောင်းလမ်း၊ စမ်းချောင်းမြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ သမဝါယမဝန်ကြီးဌာန၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေစိုး (အသက်၅၉နှစ်)သည် ၂၀-၄-၂၀၀၄နေ့ ည (၇း၄၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး
အသက်(၅၉)နှစ်
ဦးဆောင်ညွှန်ကြားရေးမှူး၊
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန

ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး
အသက်(၅၉)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာနမှ ဒေါ်ခင်ဆွေစိုးသည် ၂၀-၄-၂၀၀၄ရက် ည ၇း၄၀နာရီတွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန်နေဂျင်းဒါရိုက်တာ
ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ
Myanmar Dairy Industries Ltd.

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွှန့်ရီ (၆၈)နှစ်
(ကျေးတောရွာ၊ တောင်ငူမြို့)

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးသောင်းကြိုင်၏မိခင် ဒေါ်ညွှန့်ရီသည် ၁၇-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဌာနေကိုယ်စားလှယ်နှင့်ကုမ္ပဏီဝန်ထမ်းများ
Petrol Serve Shipping Pte.,Ltd.

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၈)နေ အမ်မွတ်ရှုပါရပ်ချ်(ခ)ဦးသိန်းလွင် [၁၂/စခန(ဧည့်)၀၀၀၀၀၂]၊ ဒေါ်ကြူကြူချို [၁၂/စခန(နိုင်)၀၄၄၃၉၉]၊ စလိုချီနာ(ခ)မချိုချိုလွင် [၁၂/အစန(နိုင်)၁၆၃၆၄၄]၊ ကူးနားစွန်ဒရီ(ခ)မကြူကြူသင်း [၁၂/အစန (နိုင်) ၁၆၃၆၄၃]၊ မဒေဗီတာ [၁၂/အစန(နိုင်)၁၃၉၃၂၆]၊ မောင်ဝေလု [၁၂/စခန (နိုင်)၀၅၆၅၅၇]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇D၊ မြေကွက်အမှတ်-၁၃၊ ဂရန်မြေဟုခေါ်တွင်သော ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သပြေညိုလမ်း၊ အမှတ်(၈)၏ အက်စ်မာတင်အမည်ပေါက်ဂရန် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ကျွန်ုပ်တို့ထံသို့လည်းကောင်း၊ သို့တည်းမဟုတ် ကျွန်ုပ်၏မိတ်ဆွေများထံသို့လည်းကောင်း ပြန်လည်ပေးပို့ပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းစိန်၊ ဒေါ်စန္ဒာဝင်း	**ဦးထင်အောင်**
အထက်တန်းရှေ့နေများ	**တရားရုံးချုပ်ရှေ့နေ**
	အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊
	ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
	ဖုန်း-၃၇၇၂၇၆၊ ၇၀၁၇၀၅။

NEW MOTION TRAVELS CO., LTD.
Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service
May ; 1 Apr;30
May ; 1 Apr ; 30
Ph : 725 799, 537 024

REAL JOY TRAVELS & TOURS CO.,LTD.
Urgent Call
Real Joy
09-50-18349,294099,202678
E-mail : sunhtut@myanmar.com.mm
: realjoy@mail4u.com.mm

ကိုဝေ
B-48 ၄ လမ်း
FMI City ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးမြင့်
အသက်(၈၀)၊ မော်လမြိုင်

ဒေါ်အေးမြင့် အသက်(၈၀)နှစ်သည် ၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

ဦးဘိုးချို (ရွှေလင်းယုန်)မိသားစု
မော်လမြိုင်။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

မိုဟာမွက်အလီ (ခ) ဦးမောင်မောင်တင် (၃) အသက်(၆၇)နှစ် (တောင်ငူ)

အကောက်ခွန်အရာရှိ(ငြိမ်း)
အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊မြယာကုန်းလမ်း၊ အမှတ်(၁၉)နေ (ဦးစံမြင့်) (လမ်းဗိုလ်ကြီး)မီးရထား (ငြိမ်း)+(ဒေါ်ဝိုင်းခင်)တို့၏ သားသမက်၊ (ဦးကိုကိုကြီး-ဒေါ်မမကြီး)တို့၏ သား၊ ဒေါ်စီစီ၏ခင်ပွန်း၊ မတင်မေစီ(စက်မှု-၁)၊ မခင်မေစီ(အကောက်ခွန်ဦးစီးဌာန)၊ မောင်တင်ဝင်း(အကောက်ခွန်ဦးစီးဌာန)၊ မခင်ခင်စီ(အကောက်ခွန်ဦးစီးဌာန)၊မတင်တင်စီ၊ မောင်စိုးဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊(ဦးဖေစိန်)အတွင်းဝန်ကလေး (ငြိမ်း)-(ဒေါ်အယ်မာ)တို့၏တူ၊ (ဦးအုံးတင်)၊(ဦးခင်မောင်အေး)တို့၏ညီ၊ (ဦးလှမြင့်)၊ ဒေါ်သိန်းသိန်းကြည်တို့၏ အစ်ကိုသည် ၁၆-၄-၂၀၀၄ ဖဂျေရ်ချိန် နံနက် ၅း၃၀နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့(သောကြာနေ့) ဂျုမာလ်နမာဇ်အပြီး၊ မြယာကုန်းလမ်း၊ ရောင်နက်ဗလီမှ ရေဝေးမွတ်စလင်ကဘာန်စတန်တွင်ဒါဖနာပြီးဖြစ်ကြောင်း၊ ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျုံမငေးအသင်း

ဒေါ်အေးကြည် အသက်(၉၂)နှစ်

ကျုံမငေးမြို့၊ ကမ်းနားလမ်းနေ (ဦးရှန်ငန်း)၏ဇနီး ဒေါ်အေးကြည်သည် အမှတ်(၇၄၀) စစ်တွေလမ်း၊ ပင်လုံဈေး၊ လှိုင်သာယာမြို့နေအိမ်တွင် ၁၈-၄-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၄-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့။

ဆည်မြောင်းဝန်ထမ်းဟောင်းများအသင်း

ဦးထွန်း အသက်(၈၀)

လုံခြုံရေးကင်းမှူး၊ ငြိမ်း၊
ဆည်မြောင်း၊ မိတ္ထီလာမြို့
(ကန်တော့ခံသက်ကြီး)

မိတ္ထီလာမြို့၊ စက်မှုဆည်မြောင်းလိုင်းဝန်ဇင်း(၂)နေ ဒေါ်စိန်ဥ၏ခင်ပွန်း ဦးထွန်း ရာသက်ပန်အသင်းဝင် အမှတ်(၁၉၇)သည် ၁၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် မြင်တော်ကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဦးစန်းယု အသက်(၄၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၁)၊ ရာဇာဓိရာဇ်လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ ဦးသောင်းကြိုင် (တပ်မတော်-ရေ၊ ငြိမ်း) (ဒေါ်ခင်ရွှေ) တို့၏သားကြီး၊ ကိုအောင်ကျော်ကျော်-မအေးအေးခိုင်၊ ကိုအောင်မော်-မစန်းစန်းမော်၊ မအေးအေးမော်၊ မောင်မျိုးမြင့်-မခင်စန်းဝင်းတို့၏ အစ်ကိုကြီးသည်၁၉-၄-၂၀၀၄ ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၀၄ နေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်သည်။

၂၅-၄-၂၀၀၄ရက် နံနက် ၆နာရီမှ ၉ နာရီအထိ အမှတ်(၇)၊ ရာဇာဓိရာဇ်လမ်း၊ ဗိုလ်တထောင်မြို့နယ်တွင် ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

အလ္လာဟ်အသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟမီဒွန်နီစာ (ခ) ဒေါ်စိန် အသက်(၇၃)နှစ်

(စစ်တွေ)

စစ်တွေမြို့၊မင်းဘာကြီးလမ်း၊မောလိပ်ရပ်နေ (ရှေ့နေဟာဂျီအမ်ကေ ဦးရာမန်-ဒေါ်ကရီမွန်နီစာ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ မြေနီကုန်း၊ ဗိုလ်မိုးလမ်း၊ အမှတ်(၂၆)(၄)လွှာနေ (ဦးလှအောင်) (အငြိမ်းစားအလုပ်သမားဝန်ကြီးဌာန)၏ ဇနီး၊ ဦးကျော်ခင်-ဒေါ်တင်တင်ဦး၊ ဦးဘအောင်-ဒေါ်ခင်စောလှ၊ဒေါ်တင်တင်ရွှေ၊ ကိုညီညီ၊ကိုလှဝင်း၊မအေးအေးလွင်၊ကိုအောင်ထူးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ကိုစိုင်းအောင်ကျော်ဦး- ဒေါ်စန်းသီတာစိန် (မန္တလေး)၊ မခင်နီလာတင်၊ မခင်သူဇာတင်၊ မစောကေသီအောင်၊ မောင်နေလင်းအောင်၊ မသင်းချယ်ရီတို့၏ ချစ်လှစွာသော အဘွား၊ မသက်ထားစံ (မန္တလေး) တို့၏ဘွားဘွားကြီးသည် ၂၀-၄-၂၀၀၄ ရက်နံနက် ၈နာရီ၄၀မိနစ်တွင်အလ္လာဟ် အသျှင်မြတ်အမိန့်တော်ခံယူသွား၍ ၂၀-၄-၂၀၀၄ရက် အဆွရ်နာမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း၊ ရပ်ဝေးရပ်နီးဆွေမျိုးများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

ကျွန်တော်မကြော်ငြာပါ

အကြောပြင်ပညာဖြင့် မနာကျင်စေဘဲ

*ခါးနာ၊ ဒူးနာနှင့်အရိုးကျီးပေါင်းတက်သူများ (၁၅)မိနစ်အတွင်း သက်သာစေရမည်။
*အကြောရောဂါမှန်သမျှ ကုသပေးမည်။
*လေဖြတ်မှာ ကြောက်သူများကို ကြိုတင်ကာကွယ်ပေးမည်။

ဦးအေးထွန်း
၅၇၊ (၄)လမ်း၊ မာလာမြိုင်၊အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်လှမြနု(ပုန်းဆိုးကြီး) အသက်(၉၀)

ရန်ကုန်မြို့၊ ရွှေတိဂုံဘုရား၊ မူလမင်းကွန်းကျောင်းတိုက်၊ ရာသက်ပန်အသင်းဝင် ဦးဝေပုလ္လ၏ မယ်တော်ကြီး၊ ရန်ကုန်မြို့၊လမ်းမတော်၊အမှတ်-၅(A) အောင်ရတနာလမ်း၊ ကျုံးကြီးထိပ်နေ ရာသက်ပန်အသင်းဝင် ဒေါ်ထွေးကြည်၏မိခင်သည် ၁၈-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ပြီး ၁၉-၄-၂၀၀၄ ရက်နေ့ မွန်းလွဲ ၁ နာရီအချိန်တွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ကြောင်း အသင်းဝင်များသို့ အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ကသာခရိုင်အသင်း(ရန်ကုန်)

ဦးထွန်းရှင်(ရပ်ရှင်) အသက်(၇၅)နှစ်

ရွှေပြည်သာမြို့၊ အမှတ်(၅/၁/၂၄၈-က)၊ စိန်ချယ်လမ်းနေ ဦးထွန်းသိန်း-ဒေါ်ခင်သက်မာ(တပ်မတော်ချည်စက်-သမိုင်း)၊ ဦးသက်ညွန့် (TTAကွန်ပျူတာ တောင်ငူ)-ဒေါ်အေးအေးသင်း၊(ဦးသက်ထွန်း)-ဒေါ်စန်းစန်းမြင့်၊ ဒေါ်ခင်သက်မူ (အထည်-၁၁)၊ ဦးသက်လွင်-ဒေါ်ထွေး၊ ဦးသက်တင်-ဒေါ်ဌေးဌေးနွယ်၊ ဦးစန်းနိုင် (Simla Co., Ltd.)-ဒေါ်ခင်သက်မွန်၊ ဦးထွန်းထွန်း-ဒေါ်ခင်သက်မော်တို့၏ ဖခင်-ဒေါ်ခင်ခင်ကြီး(ခ)ဒေါ်ခင်မာ၏ ခင်ပွန်းသည် ၁၇-၄-၂၀၀၄နေ့တွင် ကွယ်လွန်ပြီး ၁၉-၄-၂၀၀၄နေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဦးစောထွန်းအောင် (Ronnie) (၇၅)နှစ်

(ဦးစိန်ထွန်းအောင်-ဒေါ်စံမြသူ) တို့၏သား၊ (သီရိပျံချီဒေါက်တာ ဦးသာကျော်-ဒေါ်မိုး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၇-က)၊ သီရိလမ်း၊ ကျောက်ကုန်းနေ ဒေါ်ခိုင်ခိုင်၏ခင်ပွန်း၊ (ဒေါ်စံကြော့ဦး-ဦးစံရွှေဦး)၊ ဒေါ်စိန်မြမေ-(ဦးအောင်ကျော်ခ)၊ ဒေါ်နုမေ-(ဦးသာထွန်း)တို့၏ မောင်၊ ဒေါက်တာဒေါ်စောသာ-ဒေါက်တာဦးကို၊ ဦးစောလှအောင်-ဒေါ်မြတင်၊ ဒေါ်စောသာမေ-(ဦးဘိုအေး) တို့၏အစ်ကို ဦးစောထွန်းအောင် (Ronnie)သည်၂၀-၄-၂၀၀၄(အင်္ဂါနေ့) နံနက် ၂နာရီတွင် အကယ်ဒမီအထူးကုဆေးခန်းကြီး၌ ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း

ဦးဘမြင့်(၂) အသက်(၇၀)

ဦးစီးအရာရှိ (ငြိမ်း)

မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ သမိုင်း၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၃၈၄)နေ ရာသက်ပန်အသင်းဝင် ဦးဘမြင့်(၂) သည် ၁၈-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားပါသည်။ အမှုဆောင်အဖွဲ့။

တိုက်ကြီးမြို့နယ်အသင်း

ဦးမျိုးဝင်း အသက်(၆၂)နှစ်

အသင်းဝင်အမှတ် ၅၇၁

စမ်းချောင်းမြို့နယ်၊ ရှမ်းရိပ်သာလမ်း၊ ခြံအမှတ်(၉)နေ အသင်းဝင် ဒေါ်ခင်အေးသန်း၏ခင်ပွန်း အသင်းဝင် ဦးမျိုးဝင်းသည် ၁၈-၄-၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ကျေးဇူးတင်လွှာ

ကွယ်လွန်သူ ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း) နာမကျန်းဖြစ်စဉ်နှင့် ဈာပနကိစ္စတို့တွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံ့အကြီးအကဲများ၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး ဒေါ်စံယုံ၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ နှင့် ဇနီးများ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ စစ်ဘက်၊ နယ်ဘက်မှ အရာရှိကြီးများအား လည်းကောင်း၊ ဆေးဝါးကုသစဉ် ကြပ်မတ်ညွှန်ကြားပေးပါသော ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့အား လည်းကောင်း၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ ဆေးရုံအုပ်ကြီးဒေါက်တာအောင်ထွဋ်၊ ဆေးဝါးကုသမှုများပြုလုပ်ပေးခဲ့သည့် ပါမောက္ခ ဒေါက်တာစောနိုင်၊ ပါမောက္ခ ဒေါက်တာရဲမြ၊ ဒေါက်တာညွန့်သိန်း၊ ဒေါက်တာဇော်သန်းထွန်း၊ ဒေါက်တာသီဝတင်တို့နှင့် ဆရာဝန်၊ဆရာမများအား လည်းကောင်း၊ ဈာပနကိစ္စတွင်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဝန်ထမ်းများအားလည်းကောင်း၊ စကားပြောကြေးနန်း၊ ဖက်စ်၊ အီးမေးလ်တို့ဖြင့် ဝမ်းနည်းကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့သည့်ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လည်းကောင်း၊ လွမ်းသူ့ပန်းခွေ၊ပန်းခြင်းများ ပေးပို့သူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်ရီ (ဗဟန်း)
အသက် (၆၁)နှစ်
ရန်ကုန်ဟိုက်စကူးကျောင်းသူဟောင်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ် (၁)၊ အမှတ် (၅၃)၊ အခန်း (၁၂)၊ မြန်မာ့အလင်းသတင်းစာတိုက်ဝင်းနေ (ဦးစိန်-ဒေါ်ခင်အေးနွယ်)၊ ဒေါ်အေးတင်တို့၏သမီး၊ (ဦးတင်မောင်-ဒေါ်စောကျင်)တို့၏ သမီးချွေးမ၊ ဓာတ်ပုံဦးသွင်အေး(သတင်းထောက်မှူး-ငြိမ်း၊ ကြေးမုံ)၏ဇနီး၊ ဦးလှမြင့် (ညွှန်မှူး-စီမံ-ငြိမ်း၊ ဆေး/သုဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့် HR မန်နေဂျာ၊ MGS)-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးမြင့်ထွန်း-ဒေါ်သန်းသန်းရွှေ၊ ဦးထွန်းထွန်းဝင်း(ဆေး/သုဦးစီး)-ဒေါ်သန်းသန်းအေး(ဆေး/သုဦးစီး)၊ ဒေါ်အေးအေးမာ (စိုက်ပျိုးရေး)၊ (ဦးအောင်ဇော်တင့်)-ဒေါ်မြင့်မြင့်ဇော်၊ ဦးကျော်ရှင်း-ဒေါ်ချိုချိုလွင်၊ ဦးဇော်လင်း-ဒေါ်ခင်စိုးမြင့်တို့၏အစ်မ၊ (ဦးသိုက်ထွန်း၊ကြေးမုံ-ငြိမ်း-ဒေါ်ခင်ညွန့်)၊ (ဦးသိန်းတင်-ဒေါ်မြမြ)၊ ဦးကျော်ဌေး-ဒေါ်သန်းသန်းဆွေတို့၏ ညီမ၊ ဦးဉာဏ်ဝင်းထွန်း (GM-Forward Co.Ltd)-ဒေါ်မီမီသွင်၊ ဦးဇော်ဇော်သွင်-ဒေါ်အေးမိစံ (ဝါနှင့်ပိုးချည်)၊ ဦးမောင်မောင်သွင်-ဒေါ်တင်တင်ဦး (ပုံနှိပ်/ရှင်း)၊ ဒေါ်ညိုမီသွင် (အာရှစနဘဏ် ရုံးချုပ်)တို့၏ ချစ်လှစွာသောမိခင်၊ မဖြိုးရတနာသွင် (လသာ-၂)၊ မဇာခြည်သွင်တို့၏ ဘွားဘွားကြီးသည် ၂၂-၄-၂၀၀၄(ကြာသပတေးနေ့)နံနက်၂း၀၀ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ (စနေနေ့)ညနေ ၃း၀၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ဦးအုန်းစိန် အသက်(၉၀)
(အပေါင်-ကျွဲခြံ)

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ တိုက်(၁၃)၊အခန်း(၂)နေ (ဦးဖိုးမြိုင်-ဒေါ်မြရင်)တို့၏သား၊ ဒေါ်ခင်ထား၏ခင်ပွန်း၊ ဦးငွေထွန်း (ကျောက်မျက်)-ဒေါ်ဝါဝါမိုး၊ဒေါ်မြင့်မြင့်သန်း (ကျောက်မျက်)၊ ဦးငွေလင်း-ဒေါ်မူမူ၊ ဦးကျော်နိုင် (AE-ရန်ကုန်စစ်တွေလမ်းစီမံကိန်း)-ဒေါ်လဲ့နှင်းဇင် (AE-တောင်ငူအော်တိုအိပ်ချိန်း)၊ ဦးခင်ဇော်ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်သည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၄-၂၀၀၄ (သောကြာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

(နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုန္ဒာစာရ မဟာထေရ်မြတ်
သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၆)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေဝသာဂရသိမ်ကုန်း၊ တုလွတ်စံကျောင်းတိုက်၏ဦးစီးပဓာန မဟာနာယက လဋ္ဌီပေသလ၊ သိက္ခာကာမ ဖြစ်တော်မူသော ဘဒ္ဒန္တ ကုန္ဒာစာရ မဟာထေရ်မြတ်ကြီးသည် (၁၃၆၆ခုနှစ်၊ကဆုန်လဆန်း ၁ရက်)၁၉-၄-၂၀၀၄(တနင်္လာနေ့)ညနေ ၄း၄၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၆၆ခုနှစ်၊ကဆုန်လဆန်း ၅ရက်)၂၃-၄-၂၀၀၄ရက်ညနေ ၃နာရီတွင်ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ဆင်ယင်ပြုလုပ်မည်ဖြစ်ပါကြောင်း (ဒေဝသာဂရ သိမ်ကုန်း တုလွတ်စံကျောင်းတိုက်မှ မွန်းလွဲ၁နာရီတွင် ကားများထွက်ပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ရွှေတိဂုံအဖွားခက်မွှေရုံ
ဆရာတော်ဘဒ္ဒန္တ ဇဋိလ
သိက္ခာတော်(၄၉)ဝါ၊ သက်တော်(၆၉)နှစ်

ရွှေတိဂုံအောက်ပစ္စယံအဖွားခက်မွှေရုံ၌ သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်ဘဒ္ဒန္တ ဇဋိလ(သာသနဓဇဓမ္မာစရိယကမ္မဋ္ဌာနစရိယ)မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်၊ လိပ်ခြံရွာဆရာတော်သည် ၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း၂ရက် (အင်္ဂါနေ့) ညနေ ၃း၄၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ကဆုန်လဆန်း၆ရက်၊၂၄-၄-၂၀၀၄(စနေနေ့) မွန်းတည့်၁၂နာရီတွင် အဖွားခက်မွှေရုံ၌ အခမ်းအနားဆင်ယင်ကျင်းပပြီး ညနေ ၄နာရီတွင်ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနပြုလုပ်မည်ဖြစ်ပါကြောင်း။ (အဖွားခက်မွှေရုံမှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါရကြောင်း။

သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာသံရုံး၊ဗီယန်ရှင်းမြို့။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီးဖြစ်သူ ဒေါ်ခင်ဆွေစိုးအသက်(၅၉)နှစ်၊ (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀၀၄ခုနှစ် ဧပြီ ၂၀ ရက် ည ၇း၄၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ဖနွမ်းပင်မြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအားလုံးက ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ မြန်မာသံရုံး၊ ဖနွမ်းပင်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
(ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီးဖြစ်သူ (သမဝါယမဝန်ကြီးဌာန၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀-၄-၂၀၀၄ တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စီမံကိန်းရေးဆွဲရေးဦးစီးဌာနမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး)
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး Bagan Cybertech Co., Ltd.မှမခင်ဆွေဝင်းကို၊ မောင်မျိုးဇင်တို့၏မိခင်ဖြစ်သူ ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အုပ်ချုပ်မှုအဖွဲ့နှင့် ဝန်ထမ်းများ
Bagan Cybertech Co., Ltd.

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
အောင်သုခမ္မရိပ်သာယောဂီဟောင်း
ဦးခင်မောင်မြင့် အသက်(၆၀)
တာဝန်ခံအယ်ဒီတာ(မဟောသီမဂ္ဂဇင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၇)လမ်း၊ အမှတ် (၃၅၈)နေ (ဦးစန်းမောင်-ဒေါ်စန်းရီ)တို့၏ သား၊ (ဦးထွန်းခင်-ဒေါ်စောမြိုင်)တို့၏ သားသမက်၊ ဒေါ်ခင်အုန်းကြည်၏ ခင်ပွန်း၊ ဒေါက်တာဖြိုးသီဟ (အထူးကုဆေးရုံကြီး၊ဝေဘာဂီ)၊(မောင်ကျော်ဝဏ္ဏ)၊မောင်ဖြိုးပိုင်(B.E,Electronics) တို့၏ ဖခင်၊ ဦးစောလွင်(ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီး၊ငြိမ်း) -ဒေါ်သန်းမြင့် (အထက-၁၊ တောင်ဥက္ကလာပ၊ ငြိမ်း) တို့၏ ညီ၊ ဒေါ်ခင်စောရီ၏ အစ်ကိုသည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)(၃၃ လမ်း လက်ဖက်ရည်ဆိုင်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
Rev.Fr. Peter Kareng Gam Awng (Myitkyina)
သက်တော်(၅၃)နှစ်၊ သိက္ခာတော်(၂၅)ဝါ

ယခင် မလိအင်မိုင်ဝလောင်၊ ဝါ့ရှားကျေးရွာတွင်နေပြီး ယခုမြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်နေ (ဦးကရိုင်ယော်)-ဒေါ်အူဒီကော့တို့၏ သားဦး၊ ဒေါ်ကရိုင်ခေါန်တောင် - (ဦးဂျာကန်နော်ပါ)၊ ဦးကရိုင်တူး-ဒေါ်ဂျာဘောက် (အမက-၁၉)၊ ဦးကရိုင်ယော်ဆောင်း (MD-Pansun Hotel)-ဒေါ်ခေါင်နန်း (သချာဌာန-မြစ်ကြီးနားတက္ကသိုလ်)၊ ဒေါ်ကရိုင်ရွယ် - ဦးလမာနော်အောင်တို့၏ အစ်ကိုကြီး၊ မြစ်ကြီးနားကက်သလစ်သာသနာ၊ ပူတာအိုဘုန်းတော်ကြီးတပိုင်၊ ကျောင်းထိုင်ဘုန်းတော်ကြီး Rev. Fr. Peter Kareng Gam Awng သည် ၂၀-၄-၂၀၀၄ (အင်္ဂါနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၃-၄-၂၀၀၄ (သောကြာနေ့) နံနက် ၁၁နာရီတွင် မြစ်ကြီးနားမြို့စိန့်ကိုလန်ဘန်ဘုရားကျောင်းတော်ကြီး၌ မစ္ဆားတရားပူဇော် ဝတ်ပြုဆုတောင်းပြီး ရာဒါကောင်းကက်သလစ် ခရစ်ယာန်သချိုင်းတွင် ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစုနှင့် (မြစ်ကြီးနားသာသနာ)

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်မြင့်
တာဝန်ခံအယ်ဒီတာ(မဟောသီမဂ္ဂဇင်း)

စာပေစိတ်ကြီးမားစွာဖြင့် စိတ်ရင်းစေတနာပြည့်ဝစွာဖြင့် Myanmar eBook လုပ်ငန်းကို အားပေးကူညီခဲ့သော ဆရာ မဟောသီဦးခင်မောင်မြင့် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါကြောင်း။

Myanmar eBook အယ်ဒီတာအဖွဲ့နှင့် ဝန်ထမ်းများ။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ဇရပ်ဒါယိကာမကြီး
ဒေါ်ဖြူဖြူ(စွန်းလွန်းယောဂီ)
အသက်(၇၁)နှစ်
ဒသမမြောက် တိပိဋကရေ၊
တိပိဋကကောဝိဒအရှင်သုန္ဒရ၏
ရဟန်းအမကြီး

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅၂) ဝေဇယန္တာလမ်း၊ ၈ရပ်ကွက်နေ (ဦးဖိုးဟန်-ဒေါ်ဂွမ်း)တို့၏ သမီး၊ ဦးဝင်းမောင်(နဂါးမင်း၊ ဒန်သတ္တုလုပ်ငန်း)၏ဇနီး၊ ဒေါ်အေးအေးဝင်း၊ ဦးအောင်ဝင်း-ဒေါ်မူမူချိုတို့၏ မိခင်၊ကိုအောင်ဇော်ဝင်း- မနှင်းသီတာလွင်(သရုပ်ပြရုပဗေဒ၊ ပြည်တက္ကသိုလ်)၊ ကိုအောင်ဇော်မိုး-မချောကလျာ၊ ဗိုလ်ကြီးဝင်းမင်းထွန်း(တပ်မတော်ရေ)၊မောင်ထွဋ်ထွဋ်ဝင်း၊ မဝင်းပပမိုး၊ မချိုဇင်ဝင်း၊ မြစ်သုံးယောက်တို့၏အဘွား သည်၂၁-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄ (သောကြာနေ့) ညနေ၃နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင် မီးသဂြိုဟ်ပါမည်။(၁၆/၂ စွန်းလွန်း ဂုဝိပဿနာကျောင်းမှ ကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းချစ်အသက်(၉၀)
(မြောက်ဥက္ကလာ)

ဖြူးမြို့နယ်နေ (ဦးအေး-ဒေါ်ဖြူ)တို့၏ သမီး၊ ခရမ်းမြို့နယ်နေ (ဦးထွန်းဝေ)၏ ဇနီး၊ (ဦးစစ်ထွေ)၊ (ဦးကြိုင်)၊ (ဒေါ်အုံးညွန့်)၊ (ဒေါ်အုန်းလှ)တို့၏ ညီမ၊ ဒေါ်သိန်းရှင်၏ အစ်မ၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(၇၃၄)နေ ဦးဆွေမြင့်(ဆွေမြင့်ဆံသ)-ဒေါ်မမအေး၊ ဦးအောင်ငြိမ်း၊ ဦးပွကြီး၊ ဦးမာစတား၊ ဦးထွန်းသိန်း(ဒေါ်သန်း)၊မစန်းရီ၊ ကိုငြိမ်းမောင်တို့၏ အဒေါ်၊ မောင်နေမျိုးအောင် (အမှတ်-၂၊ စက်မှုဝန်ကြီးဌာန)၊ မောင်နေဝင်းအောင်၊ မဆွေဆွေဦးတို့၏ အဘွား၊ ကိုစိန်ဝင်း(စာရေးဆရာ ဒေါင်းနေမင်း)၏ ချစ်လှစွာသော ကျေးဇူးရှင်မိခင်ကြီးသည် ၂၂-၄-၂၀၀၄ ရက်တွင်ကွယ်လွန်ပါ၍ ၂၄-၄-၂၀၀၄ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းဒါယကာ
ဦးစိန်ချစ် (၈၂)နှစ်

ရန်ကုန်မြို့၊အလုံမြို့နယ်၊ကွင်းကျောင်းလမ်း၊ အမှတ်(၄၁)နေ(ဦးသာဦး-ဒေါ်မယ်နွဲ့)တို့၏ သား၊ (ဦးလှခန့်-ဒေါ်နှင်းညာ)တို့၏ သားသမက်၊ (ဦးစိန်မြင့်)-ဒေါ်ငွေမြိုင်တို့၏ညီ၊ (ဒေါ်သန်းတင်)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးစန်းမြင့်)-ဒေါ်ယဉ်ယဉ်အေး၊ ဦးတင်လှိုင်-ဒေါ်ဖြူဖြူဝင်း၊ (ဦးကျော်လီဝင်း)-ဒေါ်မေရီစိန်၊ ဦးခင်မြင့်-ဒေါ်ချိုချိုသန်း၊ ဦးတင့်ဇော်-ဒေါ်ရီရီဝင်းတို့၏ ဖခင်၊ မြေး၁၂ယောက်တို့၏ အဘိုးသည် ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၄-၂၀၀၄ (စနေနေ့)နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရီရီခင် (၇၁)နှစ်
တိုက်ကြီး

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊အမှတ်(၃၁၅) ဘူတာရုံလမ်း၊ ကံဘဲ့၊ (၁၁)ရပ်ကွက်နေအကန်တော့ခံစာပေပညာရှင် အမျိုးသားစာပေပထမဆုရ စာရေးဆရာ ညိုဝင်း(ခ) ဦးကျော်ဝင်း၏ ချစ်လှစွာသောဇနီး၊ ဦးဇော်ဝင်း(ပန်းချီဝေမွန်လင်း)-ဒေါ်မြင့်မြင့်ရည်၊ ဦးအောင်ဇင်-ဒေါ်ဒေဇီ၊ ဦးအောင်ကြည်(ဥက္ကဋ္ဌ၊စက်မှုဇုန်-၃၊ တောင်ဒဂုံ)၊ ဒေါ်ခင်သီတာဝင်း (ပြည်ဖြိုးဆန်ရောင်းဝယ်ရေး)၊ ဦးအောင်စိုးဝင်း (တွဲဖက် ပညာရေးမှူး၊ ရန်ကင်းမြို့နယ်ရိုးရာ ပန်းအစည်းအရုံး၊ Royal Artisan Co., Ltd) ဒေါ်နွယ်နီ၊ ဦးသိန်းထွန်း-ဒေါ်ခင်မြင့်မြင့်မော်၊ ဦးမြင့်သိန်း၊ ဒေါ်ခင်စန္ဒာမိုး၊ ဦးနေလင်းနိုင်-ဒေါ်ခင်ဝေလှိုင်၊ ဦးခင်မောင်ညို-ဒေါ်ခင်နုကြည်၊ ဦးရဲမင်းမောင်-ဒေါ်ခင်သူဇာဝင်းတို့၏ မိခင်သည် ၂၁-၄-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၅-၄-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရားဒါယကာကြီး
ဦးထွန်းကြိုင် (၉၅)နှစ်
တပ်မတော်(ရေ) (ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် အမှတ်(၃၂) အထက်ပုဇွန်တောင်လမ်း အမှတ် (၇)ရပ်ကွက်နေ (ဦးဖိုးကြူး-ဒေါ်နှင်းခင်)တို့၏ သား၊ (ဒေါ်ကျင်လှိုင်)၏ ခင်ပွန်း၊ ဦးကြာညွန့်-(ဒေါ်တင်ဥ)၊ ဦးဖိုးထောင်(ခ)ဦးသန်းလွင် - ဒေါ်တိုး၊ (ဦးကျော်ကျော်)-ဒေါ်စန်းစန်းနွဲ့၊ ဦးညွန့်သောင်း-ဒေါ်တင်လှ၊ (ဦးသန်းမြင့်)၊ ဦးအုန်းထွေး-ဒေါ်ရင်နု၊ ဦးတင်ထွန်း-ဒေါ်အေးမြိုင်တို့၏ မွေးသဖခင်၊ မြေး ၁၈ယောက်၊ မြစ်၁၁ယောက်တို့၏ အဘိုးသည် ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄(စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဟော့ကျင် (၉၁)နှစ်
(ဒေါ်ကြိုင်စတိုး) မော်လမြိုင်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ ပဲဆီရုံလမ်း၊ အမှတ်(၈)နေ(ဦးစုကောက်-ဒေါ်အချိတ်)တို့၏သား၊ (ဦးထွန်းဆွေ-ဒေါ်အုံးမြ)တို့၏သားသမက်၊ ဒေါ်ကြိုင်၏ခင်ပွန်း၊ (မောင်ဒယ်လီထွန်း)၊ ဦးဝင်းမြင့်(စစစ)-မခင်မြင့်ဦး၊ မောင်ဝင်း-မစန်းစန်းမော်၊ မနွယ်နွယ်၊ မဝင်းဝင်းမော်၊ မောင်စိုးစိုး-မမိုးမိုးဦး(မိုးမိုးမွေ့ရာဆိုင်)၊ မသန်းသန်းနွဲ့၊ မောင်ဇော်ဝင်း၊ မောင်ညီညီလွင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည်၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၂နာရီတွင် မုပေါင်းအိန်တိန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းအမကြီး
ဒေါ်မြ
အသက်(၈၁)နှစ်

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်၊ မဂ္ဂင်လမ်း၊အမှတ်(၅၉)နေ (ဦးဂင်ချောင်း-ဒေါ် သောင်း)တို့၏ သမီး၊ (ဦးကြည်သိန်း)၏ဇနီး၊ ဦးညွန့်လှိုင်-ဒေါ်တင်ကြည်၊ ဦးတိုးအောင်-ဒေါ်လှလှမြင့်၊ ဦးတိုးစိန်-ဒေါ်ဝင်းမြင့်၊(ဦးစန်းမောင်)-ဒေါ်တင်တင်ဝင်း၊ ဦးစိန်ဌေး-ဒေါ်ငွေအေး၊ ဦးဇော်မင်းဦး-ဒေါ်ဝင်းဝင်းခိုင်၊ ဦးကျော်ရင် (Tiger Black Head Group)-ဒေါ်စန်းစန်းမော်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေး၂၁ယောက်၊ မြစ်၁၂ယောက်တို့၏ အဘွားသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့)မွန်းလွဲ၁နာရီတွင် ဝဲကလာသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်း၊သိမ်၊ရေတွင်းဒါယိကာမကြီး
ဒေါ်စွမ်ကြိုး (၈၇)နှစ်
(ဖျာပုံ)

(ဦးချန်ရင်ကြိုင်)၏ ဇနီး၊ ဖျာပုံမြို့၊ အမှတ်(၉၂)၊ ဒုတိယလမ်းနေ ဒေါ်ကျင်သန်း(ရေလုပ်ငန်းပစ္စည်းရောင်းဝယ်ရေး)၊ ရန်ကုန်မြို့၊ အမှတ်(၂၆)၊ (၁၄)လမ်း၊ လမ်းမတော်မြို့နယ်နေ ဦးမြင့်ဦး-ဒေါ်သန်းမြင့်(ရေလုပ်ငန်းပစ္စည်းရောင်းဝယ်ရေး)၊ ဖျာပုံမြို့၊ အမှတ်(၇၃)၊ ဒုတိယလမ်းနေ ဦးမင်းဇော်-ဒေါ်အေးအေးသန်း (ရတနာပုံ၊ စီပေါင်း၊ ပုစွန်ခြောက်ရောင်းဝယ်ရေး)တို့၏ မိခင်၊ မလင်းလင်းထွန်း၊ မောင်သန်းကုဌေးဦး၊ မောင်ဌေးခိုင်၊ မောင်အောင်ကျော်စိုး၊ မောင်စိုးလင်းထက်၊မောင်ဉာဏ်လင်းထက်တို့၏အဘွားသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၄-၂၀၀၄ (စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။[အမှတ်(၂၆)၊(၁၄)လမ်း၊ နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု။

ဦးစိုးမောင် (၇၈)နှစ်
(သီတင်းပြာရည်)

ဦးဖိုးချစ်-ဒေါ်ပိုးမျှင်တို့၏ သား၊ ဦးထွန်းကြွယ်-ဒေါ်ငွေမျှင်တို့၏ သားသမက်၊ (၉၈/ဘ) ဘောဂဗလလမ်း၊ စက်မှုဇုန်မ/ဥက္ကလာပနေ ဒေါ်မြင့်မြင့်(သီတင်းပြာရည်)၏ ခင်ပွန်း၊ ဦးကျော်အောင်(လ/ထမန်နေဂျာ၊ကပရရုံးချုပ်)-ဒေါ်ခင်မာစမ်း၊ ဒေါ်လှလှစန်း၊ ဦးအောင်နိုင်၊ဒေါ်လှလှသန်း၊ ဦးသန့်ဇင်ဝင်း-ဒေါ်နီနီဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးဦးစိုးမောင်သည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ရှယ်(၇၃)နှစ်
မရမ်းချိုကျေးရွာပုသိမ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၁၄၈)၊ မင်းကြီးလမ်း၊ တောင်သုကုန်းရပ်ကွက်နေ(ဦးဘစိန်-နော်အေးစာ)တို့၏ သမီးလတ်ဦးရွှေသိန်း၏ဇနီး၊ (နော်အယ်ထူး)၊ သိက္ခာတော်ရဆရာစောလယ်ထူး (ယုဒသန်ကရင်မိတ်သဟာယ)-ဆရာမ မာလင်းအားမူဖိုး (ကရင်နှစ်ခြင်းဓမ္မတက္ကသိုလ်)၊ နော်အယ်စေး(B.Mir. MICT)-စောမောင်မောင်တို့၏ ချစ်လှစွာသောမိခင်၊နော်အဲနာမောင်၊ စောဂျွန်အေးမောင်၊နော်ဇပရယ်မောင်၊ စောတဲရင့်ကဲဘလုထူး၊ စောကလဲရင်မားဘလုထူးတို့၏ အဘွားသည် ၂၁-၄-၂၀၀၄ရက်တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၄-၂၀၀၄(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် တက္ကသိုလ်နယ်မြေ ယုဒသန်ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ပြီးရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးသန်းညွန့်အသက်(၆၀)
လ/ထ မြို့နယ်ပညာရေးမှူး
(တွံတေးမြို့)

တွံတေးမြို့၊ အမှတ်(၈)၊ ဗိုလ်ချုပ်လမ်း၊ ကွမ်းခြံအနောက်ရပ်နေ (ဦးချစ်တင်-ဒေါ်မြတင်)တို့၏သား၊ ဒေါ်တင်ဥ၊ ဒေါ်အုံးကြည်တို့၏တူ၊ ဦးအောင်သန်း-ဒေါ်စန်းရီတို့၏အစ်ကို၊ ဒေါ်ကျင်လှ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်နေလင်း၊ မောင်ဝင်းထွဋ်တို့၏ မွေးသဖခင်သည် ၂၂-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၄-၄-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် မူလမန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
စောနေထွန်းဇင်(၅၂)နှစ်
B.E,(E.P)

ဒေါ်သန်းရင်-(ဦးရွှေဇင်)တို့၏သား၊ နော်ထူးပွယ်ဖောဓ၏ ချစ်လှစွာသောခင်ပွန်း၊ နော်ဒေါ(လ်) ရသီထွန်းဇင်၊ စောသောမတ်(စ်)ထွန်းဇင် တို့၏ဖခင်၊ စောနေထွန်းဇင်သည် ၂၂-၄-၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၄-၄-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ဦးရွှေနုလမ်း၊ သမိုင်းကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ကျင် (၇၄)နှစ်
သဲအင်းယောဂီ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ၃၄ရပ်ကွက်၊ အမှတ် (၁၀၄၃)၊ သင်းဝင်လမ်းသွယ်(၄)နေ (ဦးကြည်-ဒေါ်နီထွေး)တို့၏သမီး၊ (ဦးကြိုင်)၏ဇနီး၊ ဦးဝင်းကြည်-(ဒေါ်တင်ရီ)၊ ဦးစိန်သင်း-ဒေါ်မြသွယ်တို့၏ညီမ၊ ဦးဦးခင်-ဒေါ်စန်းစန်း၊ ဦးခင်မောင်လွင်၊ ဦးကြီးမြင့်(သစ်လုပ်ငန်း၊ရုံးချုပ်)-ဒေါ်နီနီ(ဘဏ်ခွဲ-၅)၊ ဦးတင်အုန်း-ဒေါ်မြသန်းဌေး (အမက-၈၊ဒဂုံမြောက်)တို့၏ မွေးသမိခင်၊ မြေး၁၄ယောက်၊ မြစ်တစ် ယောက်တို့၏ အဘွားသည်၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄ရက် နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ် ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်အေး(ခ)နီနီ
အသက်(၇၈)နှစ်
(ပြင်ဦးလွင်)

(ဦးကံဘော်-ဒေါ်လေး)တို့၏ သမီး၊ (ဦးလှဖေ-ဒေါ်သန်းရီ)၊(ဦးဖေသိန်း-ဒေါ်ခင်ဝင်းကြည်)၊(ဒေါ်ရင်မြိုင်)၊ (ဦးသာနု-ဒေါ်အေးရီ) တို့၏ညီမ၊ (ဗိုလ်မှူးကြီးမောင်မောင်၊ငြိမ်း) - ဒေါ်ခင်ကြူကြူ၊ (ဦးတင်ကို)-ဒေါ်တင်လှ၊ ဦးခင်ဇော် - ဒေါ်ခင်သန်းနွဲ့တို့၏ အစ်မသည် ၁၈-၄-၂၀၀၄ရက် ညနေ ၃နာရီတွင် ဦးဝိစာရရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၉-၄-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၀၄ရက် (စနေနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ အခန်း-၂၊ တိုက်-၂၈၊ ဦးဝိစာရရိပ်သာ ဒဂုံမြို့နယ်နေအိမ်တွင် ရတ်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ချို (၆၆)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်နေ (ဦးဖိုးရင်-ဒေါ်မကြီး)တို့၏သမီး၊ ဒေါ်ရှုရင်၏ညီမ၊ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၁၇၈)၊ လမ်း(၄၀)နေ (ဦးစိန်)၏ဇနီး၊ ဦးဝင်းမြင့်-ဒေါ်အေးအေး၊ ဦးခင်မောင်ဇော်-ဒေါ်ခင်လှမြင့်၊ ဦးစိုးမြင့်-ဒေါ်နုနုခိုင်၊ ဦးလှိုင်ဝင်းသိန်း-ဒေါ်ခင်စန်းမြင့်၊ မောင်စိန်မြင့်၊ မောင်မြင့်သန်း၊ မောင်ထွန်းဝင်း၊ မောင်ဇော်ဝင်းတို့၏ မိခင်၊ မြေ ၁၁ယောက်တို့၏ အဘွားသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂၃-၄-၂၀၀၄ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေး တိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြိုင်ဝင်း (၄၅)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ နဲ့သမိန်ကျေးရွာနေ (ဦးတင်ရှိန်)-ဒေါ်မြကျင်တို့၏ သား၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အမှတ်(၆)၊(၉)လမ်းသွယ်နေ ဒေါ်တင်တင်မြ၏ခင်ပွန်း၊မောင်မျိုးကျော်ဝင်း၊ မောင်တင်နိုင်ဝင်း၊ မောင်ကျော်ဖြိုးဝင်းတို့၏ ဖခင်သည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄ (သောကြာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ဒါယကာကြီး
ဦးထွန်းအုန်း (၆၁)နှစ်
သံပန်း၊ သံတံခါး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၆)စကြာလမ်း၊ ကျောက်မြောင်း၊ မြေညီထပ်နေ(ဦးခင်မောင်-ဒေါ်သိန်းရွှေ)တို့၏ သား၊ ဒေါ်ညွန့်ညွန့်သန်း၏ ခင်ပွန်း၊ မောင်မြင့်ဆွေ-မစန်းယုထွန်း၊ မအေးဖြူခိုင်တို့၏ ဖခင်၊ ဒေါ်ခင်ရွှေ၊ ဒေါ်ရွှေရွှေ၊ ဒေါ်ငွေငွေ၊ ဒေါ်ရီရီသိန်း-ဦးကြည်ဝင်း၊ မောင်ခင်စိုးတို့၏အစ်ကို၊ မလှသူဇာမြင့်၏ အဘိုးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းလွင်(ခ)ဘေဘီ
အသက်(၄၉)နှစ်
ကထိက(သတ္တဗေဒဌာန)
ဆေးတက္ကသိုလ်(၂)ရန်ကုန်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ ၁၄ရပ်ကွက်၊ဖိုးခေါင်လမ်း၊အမှတ် ၂၄၀ နေ ဦးတင်အုန်း-(ဒေါ်မြစိန်)တို့၏ သမီး၊ သရက်မြို့နေ (ဦးသိန်းလှိုင်)-ဒေါ်အေးသွင်၊ ဦးလှရွှေ-ဒေါ်မြနွဲ့တို့၏တူမ၊ ဒေါ်တင်တင်စီ(သရက်မြို့ အထက-၁၊ အထက်တန်းပြဆရာမ)၏ညီမ၊ ကိုတင့်ဆွေ၊မစပါယ်၊မနွယ်နီ၊မဝါဝါ၊ ကျော်စွာထက်၊ ဇော်ဇော်ထက်၊ မောင်သက်ဇော်တို့၏အစ်မသည် ၂၂-၄-၂၀၀၄ရက်တွင် ရန်ကုန်အထူးကု ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၄-၂၀၀၄ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မမေသွယ်ခိုင်(ခ)မိုနီ(၁၄)နှစ်
နဝမတန်းအထက(၁)ဒဂုံ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၉၅)၊ ၁၀၁လမ်းနေ (ဗိုလ်ကြီးစောလှိုင်-ငြိမ်း)-ဒေါ်ခင်အေးရီ (အထကဆရာမ၊ ငြိမ်း၊ အထက-၁၊ သန်လျင်)၏ မြေး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျားကွက်သစ်ရပ်ကွက်၊ နိဂြောဓလမ်း၊ အမှတ်-၄၅၊၅လွှာနေ ဦးအောင်စောဦး 2/O (Lister Co.)- ဒေါ်မိမိခိုင်တို့၏ သမီးဦး၊ မအိသဲဖြူ (ဆဋ္ဌမတန်း၊ အထက-၁၊ဒဂုံ)၏အစ်မ၊ဦးအောင်သန်း၊ ဒေါ်ဥမ္မာစောဦး(ဆည်မြောင်း ရုံးချုပ်)၊ (ဦးစိုးမိုးစော)၊ ဦးတင်မိုးစော-ဒေါ်တင်တင်ဝင်း(သစ်တောရုံးချုပ်)၏ တူမသည် ၂၂-၄-၂၀၀၄ရက်တွင် ရန်ကုန်မြို့ ကလေးဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၄-၄-၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီ တွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

မန္တလေး၊ မိုးရွာနှင့် အေးသာယာစက်မှုဇုန်တို့၌ ခေတ်မီသံရည်ကျို ပုံလောင်း၊ ပုံထောင်း စက်မှုလုပ်ငန်းပေါ်ထွက်လာတော့မည်ဖြစ်၍ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး အလှည့်အပြောင်းဖြစ်

လယ်ယာသုံးစက်ကိရိယာများထုတ်လုပ်သည့် စက်မှုလုပ်ငန်းကို စုစည်းပေါင်းစပ် ထူထောင် လုပ်ကိုင်နိုင်စွမ်းရှိပြီး အရင်းအနှီးရှိသူများ ပူးပေါင်းအားထုတ်မှုဖြင့် ကုန်ထုတ်တိုးမြှင့်

ရန်ကုန် ဧပြီ ၂၂

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၄)ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ဧပြီ ၂၀ရက်မှ စတင်ကျင်းပခဲ့ပြီး ယနေ့ညနေပိုင်းတွင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

စုံညီစွာ

သုံးရက်ကြာကျင်းပသည့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဝန်ကြီးများ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအကဲများ၊ စက်မှုဇုန် ၁၉ ဇုန်မှ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

လုပ်ငန်းညှိနှိုင်း အစည်းအဝေး ပထမနေ့တွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး အစည်းအဝေးဒုတိယနေ့တွင်လည်းစက်မှုလက်မှုလုပ်ငန်းရှင်

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဖဲကြိုးဖြတ် ဖွင့်လှစ်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(ထ-ပ-ဆ)

ဒဂုံမြို့သစ်(တောင်ပိုင်း) ကိုယ့်အားကိုယ်ကိုး စက်ရေတွင်းဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ် (၅၆)ရပ်ကွက် ဆုပြည့်ရတနာလမ်း ကိုယ့်အားကိုယ်ကိုးစက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၆နာရီခွဲတွင် အဆိုပါ စက်ရေတွင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အမှတ်(၂) စစ်ဒေသမှူးဗိုလ်မှူးချုပ်မျိုးမြင့်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ၊

စာမျက်နှာ ၉ ကော်လံ ၃ သို့ ✧

ရင်းရင်းနှီးနှီး နှုတ်ဆက်

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁)ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး (၁/၂၀၀၄) အပြီးတွင် စက်မှုလက်မှုလုပ်ငန်း ရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)